# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၅)


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်ရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော် သီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်းအောင်ပွဲ မင်္ဂလာကုသိုလ်တော် အခမ်းအနားကျင်းပ



နေပြည်တော် မေ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်း တည်ဆောက်မည့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် သီမာသမ္မုတိသိမ်သမုတ်ကံဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏတို့ အမှူးပြုသည့် သံဃာတော် ၅၄ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဝင်များ


*စာမျက်နှာ ၃ ကော်လံ ၁* ❄


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် ပုံစံငယ်ကို ကြည့်ရှုစဉ်။

## ယနေ့ ဖတ်စရာ


မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင် ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန် မလိုကြောင်း သတင်းထုတ်ပြန် — ပြည်တွင်းသတင်း — စာ - ၄

အပူဒဏ်ကြောင့်ဖြစ်သော ကျန်းမာရေးအန္တရာယ်နှင့် အပူငြိမ်းစေသော အစားအစာများ — ဆောင်းပါး — စာ - ၁၀

စိတ်ဝင်စားဖွယ် မြန်မာ့ကော်ဖီ အကြောင်း သိကောင်းစရာ — ဆောင်းပါး — စာ - ၁၆

နယ်မြေလုံခြုံရေးအရ ခေတ္တတိမ်းရှောင်လာသော ဆွတ်ပီယန်နှင့် လုံရှာယန်ဒေသခံပြည်သူများအား နေရပ်ကျေးရွာများသို့ ပြန်လည်ပို့ဆောင် — ပြည်တွင်းသတင်း — စာ - ၂၀

မြန်မာ့အလင်း

## နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးနိုင်မည့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ

အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးမူဝါဒကို မိတ်ဆက်ဖြန့်ဝေလိုက်ပြီဖြစ်ရာ နိုင်ငံအတွက် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းပင် ဖြစ်သည်။ အဆိုပါမူဝါဒကို ချမှတ်လိုက်ခြင်းအားဖြင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ခေတ်မီဥပဒေနှင့် နည်းဥပဒေများကိုလည်း မူဝါဒနှင့်အညီ ချမှတ်လာနိုင်မည်ဖြစ်သည်။

ပြည်သူအများ ဝယ်ယူစားသုံးနေကြသည့် လက်လီဈေး၊ လက်ကားဈေးများ နိုင်ငံအနှံ့ ဒေသအသီးသီးတွင် တည်ရှိနေရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှ ထုတ်လုပ်လိုက်သည့် ဟင်းသီးဟင်းရွက်၊ သားငါး၊ သစ်သီးဝလံများ၊ ကုန်စိမ်းကုန်ခြောက်များ၊ ထုပ်ပိုးစားသောက်ကုန်များ၊ အသင့်စား အစားအစာများ စသည်တို့ကို ရောင်းချလျက်ရှိကြသည်။ မိမိတို့နိုင်ငံရှိ ကုန်စိမ်းဈေး၊ သားငါးဈေးများတွင် ခင်းကျင်းရောင်းချမှုများမှာ အစားအစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ အားနည်းချက်များစွာကို တွေ့မြင်နေရပြီး တရားမဝင် လမ်းဘေးဈေးများတွင်မူ ပို၍ပင်ဆိုးလှသည်ကို တွေ့မြင်ရသည်။ ထို့အပြင် စားသုံးရန် မသင့်သောဆိုးဆေးများ သုံးစွဲခြင်း၊ ဖော်မလင်အပါအဝင် မပုပ်မသိုး ဆေးနှင့် တာရှည်ခံဆေးများ သုံးစွဲခြင်း၊ သီးနှံများနှင့် သစ်သီးဝလံများ ရောင်းပန်းလှစေရန် ဓာတုဆေးများသုံးစွဲခြင်း စသည်ဖြင့် စားသုံးသူများ ဘေးဥပဒ်သင့်စေသည့် ဆောင်ရွက်မှုများမှာလည်း အစားအသောက်ဘေးကင်းလုံခြုံမှုအပေါ် စားသုံးသူတို့ စိုးရိမ်မကင်းမှုများ ဖြစ်စေသည်။

ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း စသည်တို့မှ ထုတ်လုပ်လိုက်သည့် ဟင်းသီးဟင်းရွက်၊ သီးနှံသားငါးများကို အသင့်ချက်ပြုတ် စားသုံးနိုင်သည့်အဆင့်ထိ ပြုပြင်ထုပ်ပိုး ရောင်းချမှုများကို ဝယ်ယူချက်ပြုတ်စားသောက်မှု အလေ့အထများလည်း ဖြစ်ပေါ်နေပြီဖြစ်သည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် ငါးမွေးမြူရေးကန်တစ်ခုမှ ထုတ်လုပ်လိုက်သော ငါးများကို ငါးအကောင်လိုက်သာမက ငါးအသားတုံး၊ ငါးအသားလွှာ၊ ငါးဆုပ်လုံး၊ ငါးအသားချောင်း စသည်ဖြင့် ပြုပြင်ထုပ်ပိုးပြီး ဈေးကွက်တင်ရောင်းချခြင်းအားဖြင့် အလုပ်ရုံများ၊ လုပ်ငန်းများပေါ်ထွက်လာသလို စားသုံးသူများအနေဖြင့်လည်း အလွယ်တကူ ဝယ်ယူစားသုံးနိုင်ကြသည်။ အဓိကလိုအပ်ချက်မှာ ထုတ်လုပ်လိုက်သည့် စားသောက်ကုန်များ အရည်အသွေးကောင်းမွန်ရေးနှင့် ဘေးဥပဒ်ကင်းစင်ရေးပင်ဖြစ်သည်။

အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ ထွက်ပေါ်လာခြင်းက ပြည်သူလူထုအတွက် အစားအစာ လုံခြုံရေးမှသည် ကျန်းမာကြံ့ခိုင်ရေးနှင့် အာဟာရပြည့်ဝရေးတို့ကို အထောက်အကူဖြစ်ပေါ်စေမည်ဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝပြီး ဘေးကင်းသည့် စားသောက်ကုန်များ ထုတ်လုပ်မှုအတွက်လည်း တွန်းအားတစ်ရပ် ဖြစ်ပေါ်စေမည်ဖြစ်သည်။ မိမိတို့ ပြည်သူလူထု၏ ကျန်းမာရေးအတွက် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနေရန်ဆိုသည့် မျှော်မှန်းချက်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတကာနှင့် လျော်ညီသည့် စံချိန်စံညွှန်းများ ပေါ်ထွက်လာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်လုပ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပေါ်ထွက်လာရေး၊ ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိနိုင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းပြီး ယခုမူဝါဒကို ရေးဆွဲချမှတ်ခြင်းဖြစ်ရာ မျှော်မှန်းချက်များ ပြည့်မြောက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးကြေညာချက်

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ၂၀၁၆ ခုနှစ်တွင် ပို့ကုန်လုပ်ငန်း ဆောင်ရွက်ခဲ့သောကုမ္ပဏီ (၁၂) ခု၊ ၂၀၁၇ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၇၂) ခု၊ ၂၀၁၈ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၉၃) ခု၊ စုစုပေါင်းကုမ္ပဏီ (၁၇၇) ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသောကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
(၂၇-၄-၂၀၂၂)

## ကျောင်းသား ကျောင်းသူများအားလုံး အဆင်ပြေချောမွေ့စွာ ကျောင်းပြန်တက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ကြစေလို



**ဘားအံ မေ ၂၇**

ပြည်နယ်၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက် မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) ကို မေ ၂၇ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နွေရာသီတွင် ရေရှားပါးသည့် ပြဿနာနှင့် သောက်သုံးရေရှားပါးသည့် ပြဿနာများ ရှိလာနိုင်သဖြင့် ကူညီထောက်ပံ့ပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြစေ လိုကြောင်း၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ရေရှားပါးသည့် ဒေသများတွင် ရေတွင်း၊ ရေကန်များ အမြန်ဆုံးတူးဖော် ဆောင်ရွက်ပေးနိုင်ရေး သဘာဝဘေး ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း သီးနှံစိုက်ပျိုးထားသည့် စိုက်ဧကအမှန်စာရင်းကို ကောက်ယူနိုင်ရေး သက်ဆိုင်ရာ ဌာနများမှ အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ အသားနှင့်ငါးကို စနစ်တကျ မွေးမြူ၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ နားလည်မှုစာချွန်လွှာ MOU စာချုပ်သက်တမ်းကုန်ဆုံးနေသော (သို့မဟုတ်) ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော NGO၊ INGO အဖွဲ့အစည်းများအား စိစစ်ဆောင်ရွက်ရန် လိုကြောင်း၊ မကြာခင်ကာလတွင် တက္ကသိုလ်/ကောလိပ်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသားများအားလုံး အဆင်ပြေချောမွေ့စွာ ကျောင်းပြန်တက်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြစေလိုကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ကြစေလိုပြီး အခြေခံပညာကျောင်းများလည်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည့်အတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပြန်လည်ဖွဲ့စည်း၍ ရပ်ကွက်/ကျေးရွာများရှိ ကျောင်းသား ကျောင်းသူများအားလုံး ကျောင်းပြန်တက်နိုင်ရေး စည်းရုံးလှုံ့ဆော်မှုများကို ကြိုတင်ဆောင်ရွက်ကြစေ လိုကြောင်း၊ နွေရာသီ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြော သင်တန်း၊ စက်ချုပ်သင်တန်း ကဲ့သို့သော ကာလတို သင်တန်းများကို သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဖွင့်လှစ်ပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် (၄/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထပ်ဆင့်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ မဟာသမယကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ မင်္ဂလာသီရိကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျိုက်ထီးရိုး လေးကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မောဒိနီကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

❄ *ရှေ့ဖုံးမှ*

ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညား အောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသာဋ္ဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များက ဝိသုံဂါမသီမာသမ္မုတိ သိမ်သမုတ် ကံဆောင်ခြင်းအား ဝိနယ ဥပဒေသများ နှင့် လျော်ညီစွာ ဆရာထေရ်စဉ်ဆက်တို့၏ ဩဝါဒများ နှင့်အညီ ဆောင်ရွက်တော်မူကြသည်။

**သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆို**

ယင်းနောက် သာသနဝ္ဇမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော် သီမာသမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်း အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ် ကြပြီး သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ ဂါထာတော်များ ရွတ်ဆိုပူဇော်၍ မေတ္တာပြုချီးမြှင့် တော်မူကြသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာဂါထာနှင့် မေတ္တာပို့ လင်္ကာနှစ်ပုဒ်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆို ပွားများပူဇော်ကြသည်။

**သဘောဆန္ဒတူညီတော်မူ**

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါ စရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိ ဆရာတော်ကြီးက ဝိသုံဂါမသိမ်တော်ကံဆောင် ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားရာတွင် ဝိသုံဂါမသိမ်တော်၏ ဘွဲ့တော်အမည်ကို အဂ္ဂါဓိပတိ ဘွဲ့အမည် သမုတ်နိုင်ရန် လျှောက်ထားပြီး ဩဝါဒ ခံယူတော်မူရာ ဆရာတော်များက သာဓုသုံးကြိမ် ခေါ်ဆို၍ သဘောဆန္ဒတူညီတော်မူကြသည်။

**မေတ္တာပို့အမျှပေးဝေ**

ထို့နောက် အခမ်းအနားမှူးက သာသနဝ္ဇမာန် ဝိသုံဂါမသိမ်တော် မင်္ဂလာအောင်သြဘာ စာတမ်းကို ဖတ်ကြားကာ မေတ္တာပို့အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီ ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူး ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း များ လောင်းလှူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဝ္ဇ မာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် ပုံစံငယ်ကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

**ဩဝါဒများနှင့်အညီ ဆောင်ရွက်**

သာသနဝ္ဇမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော် ကြီး မြေနေရာအား ဧပြီ ၂၃ ရက် ညနေပိုင်းတွင် ပါဠိဆရာတော်ကြီး အမှူးပြုသည့် သံဃာတော် ၁၂ ပါးက အနန္တရာယိက အန္တရာယ်ကင်းအခမ်းအနား ကိုလည်းကောင်း၊ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ သံဃာတော် ၁၁၇ ပါးက သီမာသမူဟနန သိမ်နုတ် ကံဆောင်ခြင်း အခမ်းအနားကို လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ပေါက်မြိုင်ကျောင်းတိုက် ဆရာ တော်နှင့် မဟာသီဟနာဒကျောင်းတိုက် ဆရာတော် တို့ အမှူးပြုသည့် သံဃာတော် ၅၄ ပါးက သီမာ သမ္မုတိ သိမ်သမုတ်ကံဆောင်ခြင်း အခမ်းအနားကို လည်းကောင်း ဝိနယဥပဒေသများနှင့် လျော်ညီစွာ ဆရာထေရ် စဉ်ဆက်တို့၏ ဩဝါဒများနှင့်အညီ ဆောင်ရွက်တော်မူခဲ့ကြသည်။

**အကြီးဆုံးသိမ်တော်ကြီး တစ်ခုဖြစ်**

ယခုတည်ဆောက်မည့် သာသနဝ္ဇမာန် အဂ္ဂါ ဓိပတိဝိသုံဂါမ သိမ်တော်ကြီးအား ဆရာတော်ကြီး များ၏ ဩဝါဒခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သိမ်တော်ကြီး သည် အလျား ၂၀၈ ပေ၊ အနံ ၂၀၅ ပေရှိပြီး သံဃာစင် တွင် သံဃာတော်အပါး ၁၈၀၊ ဘေးခုံတန်းနှစ်ဖက်နှင့် အလယ်ခန်းမတွင် လူပုဂ္ဂိုလ် ၁၈၇၀ ဝင်ဆံ့နိုင်မည် ဖြစ်ကာ ယခုသိမ်တော်ကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသိမ်တော်ကြီး တစ်ခုဖြစ်လာမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ဆောက်မည့် သာသနဝ္ဇမာန်အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော် သီမာသမ္မုတိသိမ် သမုတ်ကံဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

> "သိမ်တော်ကြီး သည် အလျား ၂၀၈ ပေ၊ အနံ ၂၀၅ ပေရှိပြီး သံဃာစင်တွင် သံဃာတော်အပါး ၁၈၀၊ ဘေးခုံတန်း နှစ်ဖက်နှင့် အလယ်ခန်းမတွင် လူပုဂ္ဂိုလ် ၁၈၇၀ ဝင်ဆံ့နိုင်မည်ဖြစ်ကာ ယခုသိမ်တော်ကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး သိမ်တော်ကြီး တစ်ခုဖြစ်လာမည်"

# သံနှင့် သံမဏိထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် သံစိမ်းများ အောင်မြင်အောင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်

နေပြည်တော် မေ ၂၇

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် တို့သည် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

### ကြိုးပမ်းဆောင်ရွက်

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ပညာရှင်များ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် ပြုပြင်ဆောင်ရွက်ရန်အတွက် စိစစ်အတည်ပြုရန် လိုအပ်ကြောင်း၊ စိစစ်တွေ့ရှိချက်များအနက် စက်ရုံအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည် များကို စိစစ်၍ ဆောင်ရွက်နိုင်ရေး စီမံရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ရေးဆွဲထားသည့် အချိန်ဇယားအတိုင်း ပြီးစီးမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံခွဲအသီးသီးရှိ စက်ပစ္စည်းများ ပြီးပြတ်အောင် တပ်ဆင်နိုင်ခြင်းမရှိသည့် လုပ်ငန်းများကိုလည်း အချိန်မီ ပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် အမြန်ဆုံးညှိနှိုင်းရန် လိုအပ်ကြောင်း၊ စက်ရုံရှိ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများ ပျက်စီးမှု မရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဝန်ထမ်းအားလုံးက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားပြီး ပြည်ထောင်စုဝန်ကြီးသည် စက်ရုံခွဲအသီးသီးရှိ စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

### နည်းပညာလွှဲပြောင်း လက်ခံရယူ

မေ ၂၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နည်းပညာမြင့်မားသည့် စက်ပစ္စည်းများကိုအသုံးပြု၍ သံစိမ်းများကို ထုတ်လုပ်မည်ဖြစ်သဖြင့် မိမိတို့၏ အရည်အသွေးများကို တိုးတက်စေရေး စဉ်ဆက်မပြတ် လေ့လာ သင်ယူနေရမည်ဖြစ်ကြောင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များထံမှ နည်းပညာလွှဲပြောင်း လက်ခံရယူနိုင်ရေး စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ လမ်းတံတား၊ ဆည်မြောင်း၊ တာတမံနှင့် အဆောက်အအုံများ တည်ဆောက်ရာတွင် လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အရည်အသွေးရှိ သံနှင့် သံမဏိများသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် သံနှင့် သံမဏိ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်း ဖြစ်သည့် သံစိမ်းများ အောင်မြင်အောင် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သော သံနှင့် သံမဏိများကို ပြည်ပမှတင်သွင်းနေရ၍ နိုင်ငံခြားငွေ အမြောက်အမြား သုံးစွဲနေရကြောင်း၊ စက်ရုံမှ ထုတ်လုပ်မည့် သံစိမ်းများ၏ အရည်အသွေးစံချိန်စံညွှန်းများကို သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စက်ရုံခွဲ အသီးသီးရှိ နည်းပညာများကိုလည်း လက်ဆင့်ကမ်း ဆင့်ပွားပေးနိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံခွဲ တာဝန်ခံများက စက်ရုံခွဲအသီးသီးရှိ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအနေဖြင့် စီးပွားရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရာတွင် ပါဝင်ရမည့် အချက်များ၊ ဆောင်ရွက်ရန် လုပ်ငန်းစဉ် အသေးစိတ်တို့ကို ရှင်းလင်းဆွေးနွေး၍ ဝန်ထမ်းများ၏ တင်ပြ မေးမြန်းချက်များကို အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင် ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန် မလိုကြောင်း သတင်းထုတ်ပြန်

### သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးစသည့် ရည်ရွယ်ချက်များ တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသဖြင့် ယင်းဘဏ်က အထက်ပါပုဂ္ဂိုလ်များ တာဝန်ထမ်းဆောင်မှုကို ရပ်ဆိုင်းပြီးဖြစ်ကြောင်းတင်ပြလာပြီး မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့အား ပြောင်းလဲခန့်အပ်ခွင့်တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းခန့်အပ်မှုကို ၂၇-၅-၂၀၂၂ ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်အား ကြီးကြပ်စစ်ဆေးလျက်ရှိရာ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ငွေရေးကြေးရေးအခြေအနေများသည် တည်ငြိမ်ခိုင်မာမှုရှိကြောင်း၊ ယင်းဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ငွေကြေးလွယ်ကူမှုအခြေအနေ၊ အပ်ငွေအသွင်း၊ အထုတ်အခြေအနေများအား အနီးကပ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက ငွေကြေးပံ့ပိုးပေးရန် (Liquidity Support) များပေးအပ်လျက်ရှိပါသဖြင့် ငွေအပ်နှံသူများ (Depositors) အနေဖြင့် စိုးရိမ်ပူပန်စရာမရှိဘဲ စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ဖြစ်ပါ၍ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၊ ဘဏ်တွင် ငွေစုဆောင်းထားရှိသူများအနေဖြင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၇-၅-၂၀၂၂)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် (၁၀-၁၁-၂၀၂၁) ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ "နိုင်ငံခြား သုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန်အမှန်တကယ်တင်ပို့ခဲ့သည့် ပို့ကုန်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ (၃) လအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများလက်ခံရရှိခြင်း ရှိ/မရှိကို စိစစ်ရမည်" ဟု ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါ ဥပဒေနှင့် စည်းမျဉ်းအရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

သို့သော် ပို့ကုန်တင်ပို့သူများအနေဖြင့် အထက်အပိုဒ်ပါ ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းပြင်ဆင်ချက်တို့အား လိုက်နာရန် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းတို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ပို့ကုန်ရငွေများအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၇-၅-၂၀၂၂)

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၇

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် ကလေးဝမြို့၊ ကြေးမုံမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၅၂ လက်မ၊ ညောင်ရွှေမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၁၆ လက်မ၊ မုဒုံမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် လွိုင်ကော်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော်  မေ  ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ မေ (၂၂) ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝ မခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများ အားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှီးဆော်ချက်ဖြစ်သဖြင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) တို့က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကို ယနေ့တွင် အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။

ထိုသို့ပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိသည့်ကာလ ၇၅ နှစ် ကြာမြင့်ပြီဖြစ်သော်လည်း လွတ်လပ်ရေး၏အရသာကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးကြောင်း၊ ဤသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် ရည်ရွယ်လျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) က လေးနက်စွာ ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းတွင် တစ်နိုင်ငံလုံးလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် ရည်ရွယ်လျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိစေရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)



# ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  မေ  ၂၇**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြ သူများက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ  ၂၇**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များသည် ဘားအံတပ်နယ်ရှိ နယ်မြေခံတပ်ရင်းတွင် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု၊ ဥစားကြက် မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှုနှင့် DYL ဝက်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော်  မေ  ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေး စသည့်အမျိုးသားရေးရည်မှန်းချက် (၂) ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်ကြကြောင်း၊ အစားအသောက် ကနဦးထုတ်လုပ်သူများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှစတင်၍ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသည့် အခြေခံအစားအသောက်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ထပ်ဆင့်ထုတ်လုပ်ရာတွင်လည်း အသေးစား၊ အလတ်စားမှစ၍ စားသောက်ကုန်လုပ်ငန်းကြီးများအထိ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

**နိုင်ငံတကာဈေးကွက်တင်ပို့နိုင်ရေး**

ထို့ပြင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစွာ စနစ်တကျထုပ်ပိုး၍ နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးကိုလည်း ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအနေဖြင့် အခြေခံအစားအသောက်ထုတ်ကုန်များ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ကောင်းမွန်သော အလေ့အကျင့်ကောင်းများ ပါဝင်သည့် (Good Agriculture Practices–GAP) စံချိန်စံညွှန်းနှင့်အညီ လိုက်နာကျင့်သုံးရန် နည်းပညာပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ GAP နည်းစနစ်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးနည်းစနစ်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်မည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးသူတောင်သူများအတွက်လည်း ဝင်ငွေတိုးလာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးတိုးတက်မှုကို အကျိုးများစွာရရှိမည်ဖြစ်ကြောင်း။

**မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေး**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာ GAP Guideline နှင့် သီးနှံ (၁၅)မျိုးအတွက် GAP Protocol ကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၂၂ ဖေဖော်ဝါရီလအထိ သီးနှံ (၅၆) မျိုးအတွက် မြန်မာ GAP အသိအမှတ်ပြုလက်မှတ် စုစုပေါင်း ၃၆၁၆ ခု ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ပြင် "သီးနှံများအတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စံချိန်စံညွှန်း"ကို အမျိုးသားစံချိန်စံညွှန်းကောင်စီက နိုင်ငံတော်စံချိန်စံညွှန်းအဖြစ် အတည်ပြုခဲ့ပြီးဖြစ်သည့်အပြင် အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကို အခြေခံ၍ မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများကို ရေးဆွဲထားပြီးဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒမိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အကျိုးကျေးဇူးများ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များအတွက် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များကို အခြေခံ၍ စံချိန်စံညွှန်း (၉) မျိုး ရေးဆွဲထားရှိကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်းမွန်သည့် တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် တိရစ္ဆာန်ထွက်ထုတ်ကုန်များ မွေးမြူထုတ်လုပ်ရရှိလာနိုင်ခြင်း၊ စားသုံးသူများ ဘေးကင်းစွာစားသုံးနိုင်ခြင်း၊ မွေးမြူရေးခြံလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေခြင်း၊ ဇီဝလုံခြုံမှုကောင်းမွန်လာစေခြင်း၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ထားသည့် ထုတ်ကုန်ဈေးကွက် ဖြစ်ပေါ်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းတွင် မွေးမြူရေးဇုန် (၂၇) ဇုန်နှင့် ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန် (၅)ဇုန် ဖော်ဆောင်ထားရှိပြီး ကျင့်စဉ်များနှင့်အညီ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် GAHP အသိအမှတ်ပြု မွေးမြူရေးခြံ စုစုပေါင်း ၄၄ ခြံ ရှိလာပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအစားအသောက်ထိန်းချုပ်ရေးဆိုင်ရာစနစ်များနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ တစ်ပြေးညီဖြစ်စေရန်အတွက် စည်းမျဉ်းများကိုရေးဆွဲ၍ ညွှန်ကြားချက်အမှတ်၊ ၈/၂၀၁၈ ကို ထုတ်ပြန်ကာ လိုက်နာဆောင်ရွက်စေလျက်ရှိကြောင်း၊ အစားအသောက်ဘေးကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကိုလည်း လိုက်ပါဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**ပညာပေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်**

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိလာသည့် အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်သည့် အစားအသောက်များကို အများပြည်သူဝယ်ယူသုံးစွဲနိုင်ရေးသည် အရေးကြီးသည့်အတွက် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ သိုလှောင်သည့် နည်းစနစ်များ၊ ဖြန့်ဖြူးရောင်းချခြင်းစနစ်များကို အလေးထားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်စိမ်းဈေး၊ အသား/ငါးဈေးများတွင် ဈေးရောင်းချသူများအနေဖြင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုက်နာရမည့် အချက်များကို သိရှိလိုက်နာရန် လိုအပ်သကဲ့သို့ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ် ပညာပေးကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစားအသောက်ကိုင်တွယ်ချက်ပြုတ်သူများအနေဖြင့်လည်း ဘေးကင်းလုံခြုံစွာ စားသောက်နိုင်ရေးအတွက် စနစ်တကျ ကိုင်တွယ်ချက်ပြုတ်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိ လူနေမှုဘဝ စားသောက်မှုပုံစံများ ပြောင်းလဲလာမှုအရ လတ်ဆတ်သည့် အသီးအရွက်၊ အသား/ငါး အစရှိသည်ကို ဝယ်ယူချက်ပြုတ်စားသောက်မှုများအပြင် အသင့်ထုပ်ပိုးပြီး ကြာရှည်ခံအောင် ဆောင်ရွက်ထားသည့် အစားအသောက်များကိုလည်း လူအများစု စားသောက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အခြေခံစားသောက်ကုန်များအား စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီရှိစေရေး အမြဲအလေးအနက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် ပြည်သူများစားသုံးနေကြသည့် အသင့်ထုပ်ပိုးပြီး စားသောက်ကုန်များသည် အသေးစားကုန်ထုတ်လုပ်ငန်းများမှ အများစုထွက်ရှိလာပြီး အသေးစားထုတ်ကုန် (၁၇၂၃၄) ခု အနက် စားသောက်ကုန်လုပ်ငန်းအနေဖြင့် (၄၂၆၅) ခု ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ အရည်အသွေးကောင်းမွန်သည့်အပြင် ဘေးဥပဒ်ကင်းစင်သည့် အစားအသောက်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ဈေးကွက်မတင်မီစိစစ်ပေးလျက်ရှိ**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စိစစ်ပေးလျက်ရှိရာတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိသည့် အစားအသောက်လုပ်ငန်းပေါင်း (၁၀၅၆) ခုနှင့် သောက်ရေသန့်လုပ်ငန်းပေါင်း (၂၃၆၈) ခု ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကော်ဖီ၊ ခေါက်ဆွဲ၊ လက်ဖက်စသည့် စားသောက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနအနေဖြင့် ဝန်ထမ်းများကို ခေတ်ကာလနှင့်အညီ စွမ်းရည်မြှင့်တင်ခြင်း၊ ပြည်တွင်း စားသောက်ကုန်စံချိန်စံညွှန်းများ ရေးဆွဲအတည်ပြုခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခြင်းတို့ကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

*စာမျက်နှာ ၇ သို့*

**■ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိလာသည့် အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်သည့် အစားအသောက်များကို အများပြည်သူဝယ်ယူသုံးစွဲနိုင်ရေးသည် အရေးကြီးသည့်အတွက် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ သိုလှောင်သည့်နည်းစနစ်များ၊ ဖြန့်ဖြူးရောင်းချခြင်းစနစ်များကို အလေးထားလိုက်နာဆောင်ရွက်ကြရမည်၊ ကုန်စိမ်းဈေး၊ အသား / ငါးဈေးများတွင် ဈေးရောင်းချသူများအနေဖြင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုက်နာရမည့် အချက်များကို သိရှိလိုက်နာရန်လိုအပ်**

**■ အခြေခံစားသောက်ကုန်များအား စတင်ထုတ်လုပ်စဉ်မှ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးထုတ်လုပ်သည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီရှိစေရေး အမြဲအလေးအနက်ထားပြီး ဆောင်ရွက်ရမည်**

- ယခုမူဝါဒအရ သက်ဆိုင်ရာနယ်ပယ်အလိုက် တိကျသည့် တာဝန်ခွဲဝေမှုများ ပေါ်ပေါက်လာမည်ဖြစ်ပြီး အစားအသောက်ကြောင့်ဖြစ်သည့် ကျန်းမာရေး ဆိုးကျိုးများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် စိတ်ချယုံကြည်ရသည့် အစားအသောက်ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်
- နိုင်ငံ၏ လုပ်အားစွမ်းအားစု လေးပုံသုံးပုံမှ ထုတ်လုပ်နေသည့် စိုက်ခင်းမှသည် စားသုံးသူအထိ အစားအသောက်ကွင်းဆက်တစ်လျှောက်ရှိ အစားအသောက် များသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်စုံကြွယ်ဝနေမှသာ မိမိတို့ နိုင်ငံသူ နိုင်ငံသားများအားလုံးသည် ကျန်းမာကြံ့ခိုင်လာမည်ဖြစ်

*စာမျက်နှာ ၆ မှ*

နိုင်ငံတစ်ဝန်းရှိ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနခွဲများသည် အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းပြီး ဈေးကွက်အတွင်း အများပြည်သူစားသုံးရန်မသင့်သည့် အစားအသောက်များကို ရှာဖွေစိစစ်ခြင်းလုပ်ငန်းများ လစဉ်ဆောင်ရွက်နေကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာ စားသုံးရန်မသင့်သည့် အစားအသောက်ကို တွေ့ရှိပါက လိုအပ်သလို ဥပဒေအရ အရေးယူခြင်းများကိုလည်း တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားခြင်းဖြင့် တစ်ဖက်တစ်လမ်းက စားသုံးသူများအတွက် ကာကွယ်ပေးရာရောက်မည်ဖြစ်ကြောင်း။

## ပါဝင်ပစ္စည်းကြည့်ရှု

စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူစားသုံးသည့် စားသောက်ကုန်၏ အမှတ်တံဆိပ်ရှိ ပါဝင်ပစ္စည်းကိုကြည့်ရှုပြီး မိမိတို့ကျန်းမာရေးအတွက် သင့်လျော်သည့် အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်နိုင်စေရန်၊ သက်တမ်းလွန်အစားအသောက်များကိုသိရှိပြီး ရှောင်ရှားနိုင်ရန်နှင့် စားသောက်ကုန်ဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်ပြီး ခြေရာခံမှုအားကောင်းရန်အတွက် "အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်(၈/၂၀၂၂)"ကိုလည်း ထုတ်ပြန်ပေးထားပြီးဖြစ်၍ သိရှိလိုက်နာကြမည်ဆိုလျှင်လည်း မိမိနှင့်တကွ မိသားစုတိုင်း၏ ကျန်းမာရေးထိခိုက်စေမည့် ဘေးအန္တရာယ်ကိုလည်း တစ်စိတ်တစ်ပိုင်း ကာကွယ်တားဆီးရာရောက်မည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့်လည်း ကျန်းမာရေးထိခိုက်စေနိုင်သည့် စားသောက်မှုပုံစံများနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ယခုထက်ပိုပြီး တိုးမြှင့်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း။

ခေတ်အဆက်ဆက် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဥပဒေများ ချမှတ်နိုင်ရန် ကြိုးစားခဲ့ကြသော်လည်း လိုအပ်ချက်တစ်ရပ်အဖြစ် ရှိနေခဲ့ကြောင်း၊ ရေရှည်အကျိုးစီးပွားကို ရေးရှုသည့် ပွင့်လင်းမြင်သာပြီး ခိုင်မာသည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒရှိမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် တိကျသည့် တာဝန်ခွဲဝေမှုရှိသည့် စနစ်တစ်ရပ် ထူထောင်နိုင်သကဲ့သို့ မူဝါဒနှင့်လျော်ညီသည့် ခေတ်မီဥပဒေများ၊ နည်းဥပဒေများကို ချမှတ်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒသည် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုပ်ဆောင်ချက်သမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ မိမိတို့ ပြည်သူလူထု၏ ကျန်းမာရေးအတွက် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနေရန်ဆိုသည့် မျှော်မှန်းချက်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတကာနှင့် လျော်ညီသည့် စံချိန်စံညွှန်းများ ပေါ်ထွက်လာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်လုပ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပေါ်ထွက်လာရေး၊ ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိနိုင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းပြီး ယခုမူဝါဒကို ရေးဆွဲချမှတ်ရခြင်းဖြစ်ကြောင်း။

ယခုမူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ထိန်းချုပ်ရေးစနစ်ဆိုင်ရာ ဥပဒေသများနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး တာဝန်ကိုယ်စီရှိသည်ကို ပြောကြားလိုကြောင်း၊ ယခုမူဝါဒအရ သက်ဆိုင်ရာနယ်ပယ်အလိုက် တိကျသည့် တာဝန်ခွဲဝေမှုများ ပေါ်ပေါက်လာမည်ဖြစ်ပြီး အစားအသောက်ကြောင့်ဖြစ်သည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် စိတ်ချယုံကြည်ရသည့် အစားအသောက် ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ နယ်ပယ်အချင်းချင်း ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

## ပြည်တွင်းတွင် တိုးမြှင့်ထုတ်လုပ်

နိဂုံးချုပ်အနေဖြင့် နိုင်ငံ၏ လုပ်အားစွမ်းအားစု လေးပုံသုံးပုံမှ ထုတ်လုပ်နေသည့် စိုက်ခင်းမှသည် စားသုံးသူအထိ အစားအသောက်ကွင်းဆက်တစ်လျှောက်ရှိ အစားအသောက်များသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်စုံကြွယ်ဝနေမှသာ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ အားလုံးသည် ကျန်းမာကြံ့ခိုင်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းပြည့်မီပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များကို ပြည်တွင်းတွင် တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ပြည်ပတင်ပို့သည့် အစားအသောက်ကုန်သွယ်မှု ဈေးကွက်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာကာ မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပွင့်လန်းလာမည်ဖြစ်ကြောင်း။

ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအားလုံး၊ သက်ဆိုင်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာနှင့် လုပ်ငန်းများ အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက်ဘေးကင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ မှတ်တမ်း Video ပြသပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒ မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်းအထိမ်းအမှတ်ပြခန်းများနှင့် Food and Drug Administration Mobile Laboratory ယာဉ်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးတို့က ဦးဆောင်ကျင်းပကြသည်။

အစီအစဉ်ဒုတိယပိုင်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့်အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၅၇ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဧပြီ ၂၇**



(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်း အတွဲအမှတ် (၇၀၁) မှ (၁၄၀၀) အထိ အတွဲပေါင်း ၇၀၀ အား ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်း အတွဲပေါင်း ၄၅၇ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ထို့နောက် ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်း အတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းနောက် ကျောက်စိမ်း အတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိ တင်သွင်းထားသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ရက် ပြပွဲများတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ကို ဧပြီ ၂၃ ရက်မှ ၂၄ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို ဧပြီ ၂၅ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက် အတွဲပေါင်း ၅၄ တွဲကို လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၀၀၀ အနက် ကျောက်စိမ်းအတွဲ ၁ မှ ၇၀၀ အထိ အတွဲပေါင်း ၇၀၀ ကို ဧပြီ ၂၆ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၅၂၃ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာ ရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေခြင်းစသည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့(၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် မေ ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေး အတိုင်း နေရာချထားပေးသည်။

## မဲမသမာမှုကို ဖြေရှင်းပေးရန်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မီဒီယာများကို တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးထားပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ် ကတည်းက တပ်မတော်နှင့် မီဒီယာ များအကြား ဆက်သွယ်ဆက်ဆံမှုကို ဆောင်ရွက်စေခဲ့မှု၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းပြီး သတင်းမီဒီယာကောင်စီနှင့် ဆက်သွယ် ဆက်စပ်မှု ပြုလုပ်ခဲ့မှု၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်း စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် မီဒီယာများကိုပါ ဖိတ်ခေါ်၍ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူပြီးနောက် မီဒီယာများကို ဖိတ်ကြား၍ သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်ခဲ့မှုတို့ကို ပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် မီဒီယာများ အပါအဝင် မီဒီယာများအားလုံးကို ရည်ညွှန်း၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာ မှုတွေ့ရှိခဲ့သည့်အတွက် ဥပဒေ၊ စည်းကမ်း များနှင့်အညီ ဖြေရှင်းပေးရန် ကြေညာ ချက် ၆ ခု ထုတ်ပြန်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပမီဒီယာများရှေ့၌ သက်သေ အထောက်အထား စုံစုံလင်လင်ဖြင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့် အပြင် ပြန်လည်ဖွဲ့စည်းခဲ့သည့် UEC အသစ်ကလည်း တွေ့ရှိချက်များကို သံတမန်များနှင့် မီဒီယာများကို ထုတ်ပြန် ပေးခဲ့ကြောင်း၊ ထိုသို့ မဲမသမာမှုကို ဖြေရှင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေး ပါတီအချို့၏ တောင်းဆိုချက်များကို ဘာကြောင့် မဖြေရှင်း၊ သက်သေမပြ ပေးသနည်းဟူသည့် မေးခွန်း။

## အလျှုခံနေသည့် သတင်းများ

NUG အမည်ခံ အကြမ်းဖက်အဖွဲ့ လုပ်ဆောင်နေသည့် ငွေတိုက်စာချုပ်၊ ဘွန်း၊Ticket၊ ပရောဂျက်များနှင့် ရောင်းချ အလှူခံနေသည့် သတင်းများကို မီဒီယာ အချို့တွင် တွေ့ရှိနေရပြီး အဆိုပါရရှိသည် ဆိုသည့် ငွေများနှင့် ထောက်ပံ့သည်ဆို သည့်ငွေများကို မည်သည့်နေရာများတွင် အသုံးချနေသနည်းဟူသည့် မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူသတ် မှုပေါင်းများစွာကို ကျူးလွန်နေသည့် ဗိုလ်သံမဏိဆိုသူ အကြမ်းဖက် ဦးဆောင် နေသည့်အဖွဲ့သည် ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောဆိုသည့် လူ ၁၀ ဦးအား သတ်ဖြတ်ခဲ့သည်ကို NUG အမည်ခံ အကြမ်းဖက်အဖွဲ့က အရေးယူမည်၊ စုံစမ်း စစ်ဆေးမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ မည်သို့အရေးယူထားသနည်း ဟူသည့် မေးခွန်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့ များ မီးရှို့ဖျက်ဆီးခဲ့သည့် ပုလဲမြို့နယ် အတွင်းရှိ အင်းမထီးကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာဖြစ်စဉ်များတွင် ရွာသူ၊ ရွာသားများကိုယ်တိုင် ရင်နင့်ဖွယ်ရင်ဖွင့် ပြောဆိုထားသော်လည်း ၎င်းတို့အတွက် ရပ်တည်၍ မည်သည့် မီဒီယာများက မေးမြန်းဖော်ပြပေးခဲ့ပါသနည်းဟူသည့် မေးခွန်း။

## NUG ၏ မူဝါဒသလား

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင် မြို့၊ မြင်းကြွရပ်ကွက်နေ ကိုရင်ငယ် ၃ ပါး မိုင်းထိသည့် ဖြစ်စဉ်အပါအဝင် ဗုဒ္ဓဘာသာ ရဟန်း၊ သံဃာများ၊ အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်း များအား အကြောင်းအမျိုးမျိုးပြ စွပ်စွဲသတ်ဖြတ်မှုများသည် NUG ၏ မူဝါဒ ဖြစ်ပါသလား ဟူသည့်မေးခွန်း၊ အကြမ်းဖက် NUG ၏ စီစဉ်မှုဖြင့် ကျောင်းများ ဖွင့်သည်ဟုဆိုပြီး သင်ရိုးညွှန်းတမ်းများကို ဖော်ပြရာတွင် နိုင်ငံတော်အစိုးရက ထုတ်ဝေထားသည့် သင်ရိုးညွှန်းတမ်း စာအုပ်များပင်ဖြစ်ရာ NUG ဆိုသော အဖွဲ့အနေဖြင့် ၎င်းတို့ သင်ကြားခြင်း မဟုတ်ပါက စာမသင်ရ မူဝါဒ ရှိ/မရှိ ဟူသည့် မေးခွန်းနှင့် NUG ၏ ဒီမိုကရေစီဆိုသည်မှာ ၎င်းတို့ကို ထောက်ခံမှ ဒီမိုကရေစီအစစ်ဟု ယူဆ ထားသလားဟူသည့် မေးခွန်းတို့ကို သတင်းမီဒီယာများအနေဖြင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့ကို မေးမြန်း ဖူးခြင်း ရှိ/မရှိ ပြန်လည်မေးမြန်းခဲ့သည်။

## သင်္ကြန်ပွဲတော်ကို ဖျက်ဆီး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက မြန်မာသက္ကရာဇ် ၁၃၈၃-၈၄ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ ရိုးရာမဟာသင်္ကြန်နှင့် ပတ်သက်၍ သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလ အတွင်း ပြည်တွင်း/ ပြည်ပ ပြည်ဖျက် သတင်းမီဒီယာအချို့က မဟာသင်္ကြန် ပွဲတော်ကို ဖျက်လိုဖျက်ဆီးမှုဖြစ်အောင် လှုံ့ဆော်မှုသတင်းများ ရေးသားခဲ့သော်လည်း နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်း ပျော်ရွှင်စည်ကားစွာ ဆင်နွှဲခဲ့မှု။

## ငြိမ်းချမ်း ရေးဖိတ်ခေါ်

၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြား ခဲ့သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်း ကောက်နုတ်ချက်များ၊ ငြိမ်းချမ်း ရေးဖိတ်ခေါ်မှုနှင့် ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အနက် အဖွဲ့ ၉ ဖွဲ့နှင့် လည်းကောင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့အနက် ၈ ဖွဲ့နှင့်လည်းကောင်း အဆက်အသွယ် များ ဆက်သွယ်နိုင်ခဲ့သည့် အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံအတွက်

*စာမျက်နှာ ၉ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အမိန့်ချမှတ်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ရာထူးတာဝန်ကို အလွဲသုံးစားပြုကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထောက်ခံပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ပေးအပ်သော အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀(ခြောက်သိန်း)နှင့် အကယ်ဒမီအခေါက်ရွှေ ခုနစ်ပိဿာတို့ကို ၎င်း၏နေအိမ်တွင် သုံးကြိမ်ခွဲပြီး လက်ခံရယူခဲ့ခြင်းကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂/၂၀၂၁ ဖြင့် မန္တလေးတိုင်းဒေသကြီး သီးသန့်တရားရုံး (နေပြည်တော်)တွင် ရုံးထိုင်စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်ရာ အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့် စကားရပ်နှင့်အညီ တစ်နိုင်ငံလုံးအကြားအလပ်မရှိ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိမှုများ။

ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ အကြီးအကဲ H. E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့် သဘောတူညီချက်ရရှိခဲ့မှု။

### စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံရေးလုပ်စားသူတို့က စစ်ကျွန်ပညာရေးခေါင်းစဉ်ပြ၍ ဝါဒမှိုင်းတိုက်ခဲ့သော်လည်း အစိုးရအနေဖြင့် ကျောင်းသား၊ မိဘ၊ ဆရာများအပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုများအကြားမှ ပြည်သူပါဝင်သည့် လုံခြုံရေးအာမခံချက်များကိုရယူ၍ ကျောင်းများဖွင့်လှစ်ရေး ဆောင်ရွက်ခဲ့မှု။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အရေးအကြီးဆုံးအချက်မှာ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှု အခြေအနေ၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရေတိုစီမံချက်အနေဖြင့် Sinopharm China National Biotech Group မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့်ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကာ Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်တွင်းတွင် အောင်မြင်စွာဆောင်ရွက်နိုင်မှု။

ပြည်တွင်းစက်သုံးဆီ ဖူလုံရေးနှင့် စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ စက်သုံးဆီနှင့် ပတ်သက်၍ ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု။

### လူငယ်များ အားကစား စိတ်ပါဝင်စား

လူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တ၊ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်စိတ်နှင့် အားကစားတွင် စိတ်ပါဝင်စားမှုတို့ မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်နေမှု၊ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် ရှန်တုံမြို့တွင် ကျင်းပမည့် (၃) ကြိမ်မြောက် အသက်(၁၈)နှစ်အောက် အာရှလူငယ်အားကစားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်သွားမည့် အခြေအနေ။

ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူ့လုံခြုံရေးစနစ်သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေး အထောက်အကူပြုအဖွဲ့အစည်းများသာမက ပြည်သူများကိုယ်တိုင်ပါဝင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစနစ် အကောင်အထည်ပေါ်လာသည်နှင့်အမျှ လက်ရှိအကြမ်းဖက်ဖြစ်စဉ်များကို လျင်မြန်စွာချုပ်ငြိမ်းနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံရေးပါတီများအား စစ်ဆေးခြင်း အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

### မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသ

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် မှတ်တမ်းများ၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ အကြီးအကဲ H. E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

### အပြည့်အစုံ ဖော်ပြသွားမည်

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

# အပူဒဏ်ကြောင့်ဖြစ်သော ကျန်းမာရေးအန္တရာယ်နှင့် အပူငြိမ်းစေသော အစားအစာများ

........... ကိုကျော်စွာ(ကျိုက်ပိ) ...........

ယနေ့အခါ လူတိုင်း၏ ပါးစပ်ဖျား၌ စကားတစ်ခွန်းကိုနေရာတိုင်းလိုလိုကြားနေရသည်။ ထိုစကားသည်ကား ပူလိုက်တာဟူသော စကားပင်ဖြစ်သည်။ ယနေ့အပူချိန်သည် အလွန်မြင့်တက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ယခုလသည် အပူဆုံးဟုပင် ဆိုနိုင်သည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ အပူချိန်မှာ ၄၃ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိပါသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ်က အပူဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့သော်လည်း ယခုအခါ ထို့ထက်ပို၍ အပူဒဏ်ကို ခံစားလာကြရသည်။ အပူဒဏ်ပြင်းထန်လာခြင်းသည် ကျန်းမာရေးကို ထိခိုက်စေခြင်း၊ ရေရှားပါးမှုဖြစ်ခြင်း၊ စိုက်ပျိုးသီးနှံများ မဖြစ်ထွန်းခြင်း စသည်တို့အပြင် အခြားသောဆိုးကျိုးများစွာလည်း ဖြစ်စေသည်။

### မြန်မာနိုင်ငံ၏ အပူချိန်

ယခု ဧပြီလတွင် မြန်မာနိုင်ငံ၏ အပူချိန်သည် သိသိသာသာ မြင့်မားလာသည်ကို အားလုံးသတိပြုမိကြပေလိမ့်မည်။ တိုင်းဒေသကြီးအလိုက် ပျမ်းမျှအပူချိန်ထက် မြင့်မားလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီမှ ၄ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကချင်ပြည်နယ်တွင်မူ ဧပြီလ၌ ပျမ်းမျှအပူချိန်သာ ရှိပါသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဂန့်ဂေါမြို့များတွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ မုံရွာမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ဖားဆောင်းမြို့တို့တွင် နေ့အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုအပူချိန်နှုန်းများသည် ဧပြီလ၏ အပူချိန်နှုန်းဖြစ်သော်လည်း "တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်" ဟူသော မြန်မာဆိုရိုးစကားအရ မြန်မာအခေါ် ကဆုန်လနှင့် အင်္ဂလိပ်လဖြစ်သော မေလတွင်လည်း ဧပြီလအပူချိန်ထက် မလျော့နိုင်ဟု စာရေးသူအနေဖြင့် ယူဆပါသည်။ ထို့ကြောင့် အပူချိန်မြင့်မားလာခြင်းကို ဝိုင်းဝန်းကာကွယ်ကြဖို့ လိုပါသည်။

ယခင်က ၁၀ နှစ်မှ အပူချိန် ၁ ဒီဂရီစင်တီဂရိတ်သာတိုးခဲ့ရာ ယခုအခါ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာပင် ၂ ဒီဂရီစင်တီဂရိတ်အထိ တိုးလာကြောင်း မှတ်သားရသည်။ လာမည့် သက္ကရာဇ် ၂၀၅၀ လောက်တွင် အပူပိုင်းဒေသ နိုင်ငံတချို့တွင် အပူရှိန်ပြင်းထန်မှုကြောင့် ထိုနိုင်ငံရှိလူဦးရေ တစ်ဝက်မျှလောက်အထိ သေဆုံးနိုင်ကြောင်း ပညာရှင်များ ခန့်မှန်းကြသည်ဟု သတင်းစာ၌ဖော်ပြထားသည်ကို စာရေးသူ ဖတ်ခဲ့ရပါသည်။ အပူချိန်မြင့်တက်မှုသည် သက်ရှိတို့အတွက် ကြီးမားသောအန္တရာယ်ပင်ဖြစ်ပါသည်။



### အပူဒဏ်နှင့် နှလုံးအန္တရာယ်

ယခုလို အပူချိန် ပြင်းထန်သည့်အချိန်မျိုးတွင် စာရေးသူတို့၏ နှလုံးသည် အလုပ်ပိုလုပ်ရသည်။ ပုံမှန်သွေးညှစ်နှုန်းထက်ပို၍ သွေးညှစ်မှုအလုပ်ကို လုပ်ဆောင်ပေးရသည်။ ထိုသို့ သွေးညှစ်အား ပုံမှန်ထက်ပိုလုပ်ခြင်းသည် ခန္ဓာကိုယ်အရေပြားသို့ သွေးပိုရောက်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်အေးစေရန် ချွေးထွက်များစေပြီး အပူဒဏ်ကို ထိန်းညှိပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ အပူချိန်ထိန်းညှိခြင်းကို ခန္ဓာကိုယ်မှဆောင်ရွက်နိုင်ခြင်း မရှိပါက အပူရှပ် (heat stroke) ဝေဒနာကို ခံစားရပေလိမ့်မည်။ ထို့ကြောင့် အပူချိန်ပြင်းထန်သည့် ရာသီမျိုး၌ နှလုံးညှစ်အားမကောင်းသည့် လူများအနေဖြင့် အထူးဂရုစိုက်ရပါမည်။ အပူချိန် ၄၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်ဆိုလျှင် ကျန်းမာရေးပုံမှန်ရှိသူများရော၊ ကျန်းမာရေးမကောင်းသူများပါ ထိုအပူဒဏ်ကြောင့်ပင် ကျန်းမာရေးဆိုးကျိုးများ ရှိလာနိုင်သည့်အတွက် အထူးဂရုစိုက်ဖို့ လိုပါသည်။

ခန္ဓာကိုယ်ရှိအပူချိန်ကို ဆေးပညာအရ "Heat Stress" ဟုခေါ်ပြီး ခန္ဓာကိုယ်အတွင်း အပူချိန်သည် အေးသွားခြင်းမျိုးမရှိသဖြင့် လိုအပ်သည်ထက် ပိုပူလာပါက ကြွက်တက်ခြင်းနှင့် ပါး၊ နှုတ်ခမ်းများအပြင် အရေပြားပေါ်တွင် အဖုအပိန့်များ ထွက်လာသည်။ ခေါင်းမူး၍ ပျို့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အတွင်း ကလီစာများကိုပါ ပျက်စီးစေသည်ဟု သိရပါသည်။ အခန့်မသင့်လျှင် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ယခုကဲ့သို့ အပူချိန်ပြင်းထန်သည့်အခါမျိုးတွင် အစားအသောက်နေထိုင်မှုပုံစံ မမှန်ပါက ဝမ်းပျက်ဝမ်းလျှောလည်း ဖြစ်လေ့ရှိတတ်သည်။ အထူးဂရုစိုက်ဖို့ လိုပါသည်။

### အပူဒဏ်နှင့် ကျောက်ကပ်အန္တရာယ်

ယခုအခါ အပူဒဏ်မြင့်မားနေသည်ကို လူတိုင်းအသိဖြစ်သည်။ ထို့ကြောင့် အသက်အရွယ်ကြီးသူများနှင့် ကလေးသူငယ်များအနေဖြင့် အထူးသတိပြုကြရပါမည်။ ယနေ့ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၏ အဓိကတရားခံမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်းသည်လည်း ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများသောကြောင့်ဖြစ်သည်။ ထိုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်လာသည်။ ကမ္ဘာ့အပူချိန် အလွန်အမင်း မြင့်တက်လာခဲ့သည်။ အပူချိန် ပြင်းထန်လာခြင်းကြောင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှု မြင့်တက်လာစေသည်ဟု သိရသည်။ ဆော်ပေါ်လိုတက္ကသိုလ်မှ ဘရာဇီးသုတေသနပညာရှင်များ၏ လေ့လာချက်အရ အပူချိန် ၁ ဒီဂရီဆဲလ်စီးယပ်စ် တိုးလာတိုင်း ကျောက်ကပ်ပျက်စီးမှုရောဂါ ဖြစ်နိုင်ခြေနှုန်းမှာလည်း တစ်ရာခိုင်နှုန်း တိုးမြင့်လာနိုင်ကြောင်း သိရသည်။ ကျောက်ကပ်ရောဂါဖြစ်ပွားမှုနှုန်းသည် အပူချိန်မြင့်မားသောဒေသများတွင် အဖြစ်များဟန် တူပါသည်။

သုတေသီများ၏ ဖော်ပြချက်အရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံတွင် ကျောက်ကပ်ပျက်စီးသူဦးရေ ၂၀၂၀၀၀ ကျော်ရှိရာ ၇ ဒသမ ၄ ရာခိုင်နှုန်းမှာ အပူချိန်မြင့်တက်မှုဒဏ်ကြောင့်ဟု သိရသည်။ ၂၀၁၇ တစ်နှစ်တည်းမှာပင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကျောက်ကပ်ပျက်စီးမှုကြောင့် သေဆုံးသူဦးရေ ၂ ဒသမ ၆ သန်းခန့်ရှိကြောင်း သိရသည်။ အထက်ပါဖော်ပြချက်များသည် ဆောင်းပါးရှင် ဆရာမပေါက်ပေါက်၏ ဆောင်းပါးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ အပူချိန်လွန်ကဲခြင်းသည် သွေးချိုရောဂါရှိသူများနှင့် အာရုံကြောမကောင်းသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ အထူးသဖြင့် အသက် ၇၅ နှစ်အထက် အသက်ရွယ်ကြီးသူများနှင့် ကလေးငယ်လေးများပင် ဖြစ်ပါသည်။

### အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ

အပူချိန်ပြင်းထန်လာခြင်းကြောင့် ကြွက်တက်ခြင်းနှင့် အဖုအပိန့်များထွက်ခြင်း၊ ချွေးထွက်လွန်ခြင်းနှင့် ကိုယ်အပူချိန်မြင့်တက်၍ သတိလစ်ခြင်းများ ဖြစ်ပေါ်ကာ ဖြစ်ပွားမှုပြင်းထန်ပါက အသက်အန္တရာယ်ပါ စိုးရိမ်ရပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အန္တရာယ်မဖြစ်ရလေအောင် အောက်ပါအပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များ ထုတ်ပြန်၍ နှိုးဆော်ထားပါသည်။

ယင်းနှိုးဆော်ချက်များမှာ-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက် လှုပ်ရှားခြင်းကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်၌ သွားလာလှုပ်ရှားရန်နှင့် အလုပ်လုပ်ရန် လိုအပ်ပါက အရိပ်လုံလောက်စွာ ရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။ အေးမြသည့် အရိပ်တွင် ခေတ္တအနားယူခြင်းကို မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့၍ ပွသောအဝတ်အထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်းနှင့် ရေချိုးခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်ပါ။

(၈) မိတ်နှင့်ယားဖုများ ထွက်လျှင် ရေအေးဝတ် ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ ပြုလုပ်ပေးပါ။

(၉) အပူဒဏ်အန္တရာယ် ခံစားနေရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်သောက်စေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်၊ ပေါင်ကြားနှစ်ဖက် ရေအေးပတ်တိုက်ပေးခြင်း စသည်တို့ ပြုလုပ်၍ နီးစပ်ရာ ဆေးရုံဆေးခန်းနှင့် ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြီး ကုသမှုခံယူရပါမည်။

အထက်ဖော်ပြပါအချက်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များပင် ဖြစ်ပါသည်။ သတိပြုလိုက်နာဖို့ လိုပါသည်။

စာမျက်နှာ ၁၁ သို့

**❍ အပူချိန် ပြင်းထန်သည့်အချိန်မျိုးတွင် စာရေးသူတို့၏နှလုံးသည် အလုပ်ပိုလုပ်ရသည်။ ပုံမှန်သွေးညှစ်နှုန်းထက်ပို၍ သွေးညှစ်မှုအလုပ်ကို လုပ်ဆောင်ပေးရသည်။ ထိုသို့ သွေးညှစ်အား ပုံမှန်ထက်ပိုလုပ်ခြင်းသည် ခန္ဓာကိုယ်အရေပြားသို့ သွေးပိုရောက်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်အေးစေရန် ချွေးထွက်များစေပြီး အပူဒဏ်ကို ထိန်းညှိပေးခြင်းဖြစ်သည်။ ထိုကဲ့သို့အပူချိန်ထိန်းညှိခြင်းကို ခန္ဓာကိုယ်မှဆောင်ရွက်နိုင်ခြင်းမရှိပါက အပူရှပ် (heat stroke) ဝေဒနာကို ခံစားရပေလိမ့်မည်။ ထို့ကြောင့် အပူချိန်ပြင်းထန်သည့် ရာသီမျိုး၌ နှလုံးညှစ်အားမကောင်းသည့် လူများအနေဖြင့် အထူးဂရုစိုက်ရပါမည်။ အပူချိန် ၄၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်ဆိုလျှင် ကျန်းမာရေးပုံမှန်ရှိသူများရော၊ ကျန်းမာရေးမကောင်းသူများပါ ထိုအပူဒဏ်ကြောင့်ပင် ကျန်းမာရေးဆိုးကျိုးများ ရှိလာနိုင်သည့်အတွက် အထူးဂရုစိုက်ဖို့ လိုပါသည်**

# မိန်းမလှကျွန်းဘေးမဲ့တောတွင် ဒီရေတောများ ပြန်လည်ဖြည့်တင်း စိုက်ပျိုးခြင်းဖြင့် ဒေသခံများ၏ ဝင်ငွေအခွင့်အလမ်းဖော်ဆောင်ခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေး

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် လူတို့၏ အလွန်အကျွံ စည်းကမ်းမဲ့ထင်းခုတ်ယူမှုနှင့် နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးမုန်တိုင်းဒဏ်များကြောင့် ဒီရေတောများ ပျက်စီးဆုံးရှုံးလာခဲ့ရာ ယင်းဘေးမဲ့တောကြီးအား ဒီရေတောများ ပြန်လည်ဖြည့်တင်း စိုက်ပျိုးခြင်းဖြင့် ဒေသခံများ၏ ဝင်ငွေအခွင့်အလမ်းဖော်ဆောင်နိုင်ရေးစီမံကိန်းအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိန်းမလှကျွန်းနှင့် ထိစပ်နေသည့် ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့များ၊ စီမံကိန်းကို အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ကြမည့် သစ်တောနှင့် ဒီရေတောဆိုင်ရာအဖွဲ့များ၊ ဘိုကလေးမြို့နယ်အခြေစိုက် “မြင့်မြတ်သူတို့ နှလုံးသား” ပရဟိတအဖွဲ့တို့ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး မြင့်မြတ်သူတို့နှလုံးသားအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မျိုးက စီမံကိန်းချိတ်ဆက်ဆောင်ရွက်မှုများ၊ စီမံကိန်းအရာရှိ ဦးထွန်းထွန်းဇော်က စီမံကိန်းလုပ်ဆောင်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ဆွေးနွေးသည်။

မိန်းမလှကျွန်းကို ၁၉၉၃ ခုနှစ်တွင် မိန်းမလှကျွန်းဘေးမဲ့တောအဖြစ် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။

မိန်းမလှကျွန်းပေါ်မှ ဒီရေတောများသည် မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသည့် အပင်နှင့် အကောင်မျိုးစိတ်များအတွက် မှီခိုနေထိုင်ရာအိမ်ဖြစ်ပြီး ၎င်း၏ပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၂ ရွာမှ အိမ်ထောင်စု ၈၀၀၀ ကျော်၏ စားဝတ်နေရေးနှင့် ဝင်ငွေအတွက် မှီခိုရာဖြစ်ကြောင်းနှင့် ပို၍အရေးပါသောအချက်မှာ ပတ်ဝန်းကျင်ဒေသများကို သဘာဝဘေး အန္တရာယ်များ၏ဒဏ်မှ ကာကွယ်ပေးလျက်ရှိနေကြောင်းလည်း သိရသည်။

ယခု မိန်းမလှကျွန်းပေါ်၌ ဆောင်ရွက်မည့် ဒီရေတောများ ပြန်လည်ဖြည့်တင်း စိုက်ပျိုးခြင်းစီမံကိန်းသည် ဒီရေတောများ ပြန်လည်ထူထောင်စိုက်ပျိုးရုံသာမက အပင်ပေါက်ရောက်မှု ပိုမိုများပြားသိပ်သည်းလာစေရန်၊ မျိုးတုံးပျောက်ကွယ်တော့မည့် ဒီရေတော မျိုးစိတ်များ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုကောင်းမွန်လာစေရန်နှင့် ဒီရေတော ဂေဟစနစ်ကို ပိုမိုကျန်းမာသန်စွမ်းလာစေရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိန်းမလှကျွန်း ပတ်ဝန်းကျင်ရှိ ဒီရေတောကို မှီခိုအားထားနေရသည့် ဒေသခံများနှင့်အတူ ဆောင်ရွက်မည်ဖြစ်သဖြင့် ဒေသခံများအတွက် ဝင်ငွေအခွင့်အလမ်းများ ရရှိကာ ၎င်းတို့၏ စားဝတ်နေရေးကို အထောက်အကူပြုစေမည့်အပြင် ၎င်းတို့ ပါဝင်စိုက်ပျိုးထိန်းသိမ်းမှုများကြောင့် ကောင်းမွန်သန်စွမ်း ကျန်းမာလာမည့် ဒီရေတော ဂေဟစနစ်သည် စိုက်ပျိုးရေးသီးနှံနှင့် သား၊ ငါး၊ ပုစွန်များ ရေရှည်ရရှိနိုင်စေမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

---

*စာမျက်နှာ ၁၀ မှ*

### အပူငြိမ်းစေသော အစားအစာများ

လူသားတို့၏ပယောဂကြောင့် ယနေ့ ကမ္ဘာ့အပူချိန်မြင့်တက်လာရာမှ အပူဒဏ်၏ အန္တရာယ်နှင့် အပူကြောင့်ဖြစ်သော ကျန်းမာရေးဆိုးကျိုးများကို ခံစားနေကြရပါသည်။ အပူဒဏ်ကို ကာကွယ်နိုင်စေရန် အထက်မှာဖော်ပြခဲ့သော နည်းလမ်းများကို လိုက်နာဖို့ လိုအပ်သလို အပူငြိမ်းစေသော အစားအစာများကိုလည်း ရွေးချယ်စားသုံးပေးသင့်ပါသည်။ အပူချိန်လွန်ကဲချိန်တွင် ခန္ဓာကိုယ်အတွင်း အပူငြိမ်းစေမည့် အစားအစာများကို စားသုံးဖို့လိုပါသည်။ သာမန်လူတစ်ယောက်၏ အပူချိန်သည် ၉၈ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုပေါ် မူတည်၍ အပူချိန်အတက်အကျမှာ အနည်းငယ်ပြောင်းလဲမှု ရှိပါသည်။

ပြင်ပ၌အပူလွန်ကဲမှုကြောင့် ခန္ဓာကိုယ်အတွင်း အပူဓာတ်များသူများအနေဖြင့် ရေများများသောက်ပြီး မိမိတို့ နေ့စဉ်စားသောက်နေသော အစားအစာများကိုလည်း ရေဓာတ်ကြွယ်ဝသော အစားအစာများဖြင့် ဖြည့်စွက်စားသုံးသင့်ပါသည်။ ယင်းအစားအစာများမှာ –

(၁) မုန်လာဥ – မုန်လာဥတွင် ဗီတာမင်စီ (Vitamin C) ပါဝင်သည့်အပြင် ကိုယ်တွင်းအပူချိန်ကို တိုက်ထုတ်ပေးနိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်နေပါသည်။ ထို့ကြောင့် မုန်လာဥကို စားသုံးသင့်ပါသည်။

(၂) အုန်းစိမ်းရေ – နေအပူရှိန်ပြင်းထန်မှုကြောင့် ခန္ဓာကိုယ်မှာ ချွေးထွက်သဖြင့် ရေဓာတ်ဆုံးရှုံးစေပါသည်။ အုန်းသီးမှရသော အုန်းစိမ်းရေသည် ခန္ဓာကိုယ်အတွင်းရှိအပူဓာတ်များကို ငြိမ်းစေသဖြင့် သောက်သုံးသင့်ပါသည်။

(၃) တလည်းသီး – တလည်းသီးနှင့် တလည်းသီးဖျော်ရည်သည် ကိုယ်တွင်းအပူကို ငြိမ်းစေပြီး ခန္ဓာကိုယ်ကို အေးမြစေပါသည်။ ခန္ဓာကိုယ်အတွင်းရှိ အပူများကို စုပ်ယူပစ်သည်ဟု သိရသည်။

(၄) သံပရာသီး – နံနက်စောစောအိပ်ရာထချိန်၌ သံပရာရည်တစ်ခွက် သောက်ခြင်းသည် ကိုယ်တွင်းအပူငြိမ်းပြီး တစ်နေကုန် ပေါ့ပါးလန်းဆန်းစေပါသည်။

(၅) နှမ်းစေ့ – နှမ်းသည် အပူငြိမ်းစေသည့်အတွက် နှစ်စေ့၊ နှမ်းယိုစသည်တို့ကို အပူငြိမ်းအစားအစာအဖြစ် စားသုံးပေးသင့်သည်။

(၆) သခွားသီးနှင့် ဖရဲသီး – အသီးအနှံများအနေဖြင့် ရေဓာတ်ကြွယ်ဝသော သခွားသီးနှင့် ဖရဲသီးကိုလည်း စားသုံးသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်၏ သုံးပုံတစ်ပုံကို အရည်ဓာတ်ဖြင့် တည်ဆောက်ထားသဖြင့် ခန္ဓာကိုယ် အေးမြစေရန် ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်သော သခွားသီးနှင့် ဖရဲသီးကို စားသုံးပေးရပါမည်။ ထို့အပြင် ရေနံ့သာပင်စေ့၊ စမုန်စပါးစေ့နှင့် ဘိန်းစေ့၊ မန်ကျည်းသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ နာနတ်သီးနှင့် ပူစီနံရွက်စသည်တို့ကို စားသုံးသင့်ပါသည်။

### ရှောင်ကြဉ်ရမည့်အချက်နှင့် လိုက်နာရမည့်အချက်များ

နေပူရှိန်ပြင်းထန်နေချိန်တွင် ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ချောကလက်၊ ဆိုဒါနှင့် ဆီကြော်မုန့်အမျိုးမျိုး၊ အရက်နှင့် ကော်ဖီတို့ကို ရှောင်ကြဉ်ရပါမည်။ နေပူရှိန်ပြင်းထန်သည့်အချိန် အပြင်မှ ပြန်လာလျှင် ရေခဲရေသောက်ခြင်းကိုလည်း ရှောင်ကြဉ်ရပါမည်။ အမှန်စင်စစ် ရေခဲရေသည် ခဏတာအေးသွားသော်လည်း ဓာတ်သဘောမှာ အပူဖြစ်သည်။ ထို့ကြောင့် အပူရှိန် ပြင်းထန်ချိန်တွင် ရေခဲရေ မသောက်သင့်ပေ။

အပူချိန်ပြင်းထန်နေသော ယခုလိုအခါမျိုးတွင် အပြင်မှပြန်ရောက်ရောက်ချင်း ရေချိုးခြင်းကို မပြုလုပ်ရပါ။ ထို့အပြင် အအေးခန်းအတွင်း အချိန်ကြာမြင့်စွာနေပြီး ရုတ်တရက်နေပူထဲသို့ မထွက်သင့်ပါ။ ပြင်းထန်သော ခန္ဓာကိုယ်လှုပ်ရှားမှုမျိုးကိုလည်း မလုပ်သင့်ပါ။ အပူချိန်ပြင်းသော အခန်းတွင်း၌ အလွန်အေးသော ပန်ကာနှင့် air cooler ကဲ့သို့ အအေးပေးစက်များကို အသုံးမပြုသင့်ပေ။ မိမိ၏ အရေပြားကို နေရောင်ခြည်တိုက်ရိုက် ထိတွေ့မှု မရှိအောင် ကာကွယ်ရပါမည်။ ရေချိုးမည်ဆိုပါက မနက်ပိုင်းတွင် ချိုးသင့်သည်။ ရေမချိုးခင် ရေတစ်ခွက်သောက်ပါ။ ရေချိုးတော့မည်ဆိုပါက ခြေနှင့် လက်များကို ရေအရင်လောင်းပြီးမှ ချိုးသင့်ပါသည်။ အထူးသဖြင့် ရေများများသောက်ဖို့ လိုပါသည်။



**❑ သာမန်လူတစ်ယောက်၏ အပူချိန်သည် ၉၈ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုပေါ် မူတည်၍ အပူချိန်အတက်အကျမှာ အနည်းငယ်ပြောင်းလဲမှု ရှိပါသည်။ ပြင်ပ၌အပူလွန်ကဲမှုကြောင့် ခန္ဓာကိုယ်အတွင်း အပူဓာတ်များသူများအနေဖြင့် ရေများများသောက်ပြီး မိမိတို့နေ့စဉ်စားသောက်နေသော အစားအစာများကိုလည်း ရေဓာတ်ကြွယ်ဝသော အစားအစာများဖြင့် ဖြည့်စွက်စားသုံးသင့်ပါသည်**

နိဂုံးချုပ်အနေဖြင့် ဆိုရလျှင် ယခုအခါ အပူချိန်ပြင်းထန်မှုဒဏ်ကို လူတိုင်းခံစားနေကြရပါသည်။ အပူဒဏ်ကြောင့် ဆိုးကျိုးများရှိပါသည်။ ကျန်းမာရေးဆိုးကျိုးများ၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုကြောင့် စားနပ်ရိက္ခာရှားပါးမှုပြဿနာကိုလည်း ရင်ဆိုင်ရနိုင်ပါသည်။ မြစ်ချောင်းအင်းအိုင်တို့ ရေခန်းခြောက်လာသဖြင့် သောက်သုံးရေရှားပါးလာခြင်းအပြင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးလည်း ကျရောက်နိုင်ပါသည်။ အထူးသဖြင့် ကျန်းမာရေးဖြစ်သည်။ ထို့ကြောင့် အပူဒဏ်ကြောင့်ဖြစ်သော ကျန်းမာရေးဆိုင်ရာပြဿနာများ၊ ထိုအပူဒဏ်ကို ကာကွယ်ပြီး နေထိုင်ရန် နည်းလမ်းများနှင့် အပူဒဏ်သက်သာစေရန် စားသောက်သင့်သည့် အစားအစာများကို လေ့လာတင်ပြလိုက်ပါသည်။ နိုင်ငံသူ နိုင်ငံသားအားလုံး အပူဒဏ်အန္တရာယ်မှ ကင်းဝေးကြပါစေ။ ။

# လမ်းပေါ်နေကလေးများ လျှော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း Volunteer များကို အသိပညာပေးသင်တန်းပို့ချ



**နေပြည်တော် ဧပြီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ စီစဉ်မှုဖြင့် "လမ်းပေါ်နေကလေးများ လျှော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက်" တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း Volunteer များအား အသိပညာပေးသင်တန်းကို ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ Online အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက စေတနာ့ဝန်ထမ်း Volunteer များကို Online ဖြင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။(ဓာတ်ပုံ)

**ကလေးသူငယ်များအတွက် ပံ့ပိုးဆောင်ရွက်ပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လမ်းပေါ်နေ ကလေးများ လျှော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ စတင်၍ ကနဦးစီမံချက် မြို့နယ်များ ရွေးချယ်ခြင်း၊ ရန်ပုံငွေများ သတ်မှတ်လျာထားခြင်း၊ လမ်းပေါ်နေ ကလေးများအတွက် နားခိုရာနေရာ (Drop in Center) များ သတ်မှတ်ခြင်း၊ စီမံချက်ကာလ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း Volunteer များအနေနှင့်လည်း လုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် မည်သို့ပင် အခက်အခဲများနှင့် ကြုံတွေ့ရစေသော်လည်း စေတနာ့ဝန်ထမ်းများ၏ သည်းခံစိတ်၊ စာနာနားလည်စိတ် "မေတ္တာ၊ စာဂ၊ ဝီရိယ" တို့ဖြင့် မိမိတို့၏ အချိန်၊ လုပ်အားအကူအညီများဖြင့် စီမံချက်ဒေသများဖြစ်သည့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ လမ်းပေါ်နေကလေးသူငယ်များအတွက် ပံ့ပိုးဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် မသန်စွမ်းသူများအတွက် ပုဂ္ဂလိကပညာသင် အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို အဆိုပါဝန်ကြီးရုံး EC ခန်းမ၌ ကျင်းပသည်။

**မသန်စွမ်းပုဂ္ဂလိကအထူးကျောင်းခွင့်ပြုပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ အခန်း (၁၃) နှင့် နည်းဥပဒေများ၊ အခန်း (၁၀) တို့တွင် ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူး သင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်းကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တရားဝင် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားလာသည့် မသန်စွမ်းပုဂ္ဂလိက အထူးကျောင်းများအနက် "စံ" သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမသန်စွမ်းပုဂ္ဂလိကအထူးကျောင်းရှစ်ကျောင်းကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးထားပါကြောင်း၊ တည်ထောင်ဖွင့်လှစ်ခွင့်ရရှိသောကျောင်းများအနေဖြင့် သတ်မှတ်ထားသည့် ခွင့်ပြုမိန့်ထုတ်ပေးခကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ အခန်း (၁၅)၊ ပုဒ်မ (၆၉)၊ ပုဒ်မခွဲ (ဃ) အရ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာရန်ပုံငွေသို့ ထည့်သွင်းရမှာဖြစ်ပါကြောင်း၊ အခြားတည်ထောင်ခွင့်ပြုမိန့် မရရှိသေးသော မသန်စွမ်း ပုဂ္ဂလိကအထူးကျောင်းများအနေဖြင့် တည်ထောင်ဖွင့်လှစ်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုချက်ရရှိစေရေး မဖြစ်မနေလျှောက်ထားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က သူတစ်ပါးအပေါ် မှီခိုနေရခြင်းမှ မသန်စွမ်းသူများ ကိုယ်တိုင် နိုင်ငံတော်အတွက် ထောက်ပံ့ပေးကြသူများ ဖြစ်လာနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တွေ့ကြုံရသည့် အခြေအနေများဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများနှင့် မသန်စွမ်းပုဂ္ဂလိက အထူးကျောင်း ၂၂ ကျောင်းမှ တာဝန်ခံများက မသန်စွမ်းပုဂ္ဂလိကအထူးကျောင်းများ၏ တည်ထောင် ဖွင့်လှစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် တွေ့ကြုံရသည့် အခြေအနေများနှင့် လိုအပ်ချက်များကို အသီးသီးဆွေးနွေး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) ၏ (၁၈) ကြိမ်မြောက် ဦးဆောင်လမ်းညွှန်မှုကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံမှ ARMAC ၏ Steering Committee ဝင်များ တက်ရောက်

**နေပြည်တော် ဧပြီ ၂၇**

(၁၈) ကြိမ်မြောက် ဦးဆောင်လမ်းညွှန်မှု ကော်မတီ (18th Meeting of the Steering Committee) အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) ရုံးချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ARMAC ၏ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက တာဝန်ယူကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံမှူးကြီး ဒေါ်သေန္တာ၊ ဒုတိယအတွင်းဝန် ဒေါ်အေးသန္တာစိုးတို့နှင့်အတူ ARMAC ၏ Steering Committee ဝင်များ ဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်မြင့်အောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ထင်အောင်ကျော်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နေပြည်တော်မှ တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဦးဆောင်လမ်းညွှန်ကော်မတီဝင်ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) မှ Mr. Prum Suonpraseth (Executive Director, ARMAC) နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၂ခုနှစ် ဇူလိုင်လအတွင်း ARMAC ၏ အထူးအစည်းအဝေး ကျင်းပရန်၊ ARMAC ၏ TOR နှင့် Mid–Term Review တို့ကို ဆောင်ရွက်ရန်၊ ARMAC ၏ လက်ရှိဖွဲ့စည်းပုံကို ပြင်ဆင်သုံးသပ်ရန်၊ ARMAC ၏ ငွေကြေး အထောက်အပံ့တို့ကို ကောင်းမွန်စေရန် ဆွေးနွေး အတည်ပြု ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) (အောက်တိုဘာလမှ မတ်လအထိ) ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂၄ သန်း ရရှိ

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) (အောက်တိုဘာလ မှ မတ်လ အထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၇၉ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၇၉၅၅ သန်း ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၂၃၄ သန်းဖြစ်ပြီး ပို့ကုန်က သွင်းကုန်ထက် ပိုမိုသဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၂၄ သန်း ရရှိခဲ့ပါသည်။

၂။ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လအထိ) ကာလတူနှင့် နှိုင်းယှဉ်က ပို့ကုန်တွင် အမေရိကန် ဒေါ်လာ ၉၈ သန်းကျော်နှင့် သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၆၄ သန်း ပိုမိုပြီး ကာလတူထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ် Mini Budget ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင် လယ်ယာထွက် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံ ၊ ရေထွက် ငါး၊ ပုစွန်နှင့် အခြားရေထွက်များ ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်း (ချုပ်ပြီးအထည်) တို့ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ပို့ကုန်တန်ဖိုးမှာ ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော် ပိုမိုခဲ့ပါသည်။ နယ်စပ်ကုန်သွယ်မှုတွင် မြန်မာ-တရုတ်နယ်စပ်စခန်းများ ပြန်လည်ဖွင့်လှစ်ပြီး တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှု မျှတစေရေး ဆောင်ရွက်နေသည့်ကာလတွင် ပို့ကုန်လျော့နည်းခဲ့မှုအား ကာမိစေပြီး Mini Budget ကာလ ပင်လယ်ရေကြောင်းနှင့် နယ်စပ်စုစုပေါင်း ပို့ကုန်တင်ပို့မှုတွင် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သွင်းကုန်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ နိုင်ငံခြားငွေ လိုအပ်ချက်ကို လျှော့ချနိုင်ရန် အရေးကြီးကုန်စည်မဟုတ်သည့် မော်တော်ယာဉ်ကဲ့သို့ ပစ္စည်းများအား တင်သွင်းမှု စိစစ်ကန့်သတ်ခြင်း၊ စားအုန်းဆီအား ပြည်တွင်း ဈေးကွက်စားသုံးမှုလိုအပ်ချက်နှင့်အညီ စိစစ်တင်သွင်းမှုပြုခြင်းကြောင့် ယခင်နှစ်များထက် တန်ချိန်လျှော့ချတင်သွင်းနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်နိုင်မည့် အစားထိုးကုန်စည်များအား ပြည်ပမှ တင်သွင်းမှု စိစစ်လျှော့ချခြင်းတို့ ဆောင်ရွက်ခဲ့ရာ မရှိမဖြစ် လိုအပ်သည့် စက်သုံးဆီ၊ စားအုန်းဆီတို့တင်သွင်းမှုတွင် ကမ္ဘာ့ပေါက်ဈေးကြီးမြင့်လာ၍ တန်ဖိုးမြင့်တက်မှုရှိသော်လည်း စုစုပေါင်းသွင်းကုန်မှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၁၆၄ သန်းသာ ပိုမိုမှုရှိပြီး မူလလျာထားချက်၏ ၁၀ ရာခိုင်နှုန်း လျှော့ချဆောင်ရွက်နိုင်ခဲ့ပါသည်။

၅။ သို့ဖြစ်၍ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် Mini Budget တွင် စီမံကိန်းဥပဒေပါ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၈၂၀၀ သန်း၏ ၁၀၁ ရာခိုင်နှုန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၈၈၀၀ သန်း၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှု ပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၁၇၀၀၀ သန်း၏ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေအား သတင်းဖော်ပြအပ်ပါသည်။

# ယူကရိန်းအရေးဆွေးနွေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့တွေ့ဆုံ

**မော်စကို ဧပြီ ၂၇**

ရုရှားသမ္မတဗလာဒီမာပူတင်သည် ယူကရိန်းအရေး ဆွေးနွေးရန် ကရင်မလင်သို့ ဧပြီ ၂၆ ရက်က အလည် အပတ်ရောက်ရှိလာသော ကုလသမဂ္ဂအတွင်းရေးမှူး ချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် တွေ့ဆုံခဲ့ကြ သည်။

ကီယက်ဗ်တွင် ၂၀၁၄ အခြေခံဥပဒေကိုဆန့်ကျင် သည့်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ငြိမ်းချမ်းစွာ ဖြေရှင်းရေး မင့်ခ်သဘောတူညီချက်ရပြီးသည့်တိုင် ဒွန်ဘက်ရှိပြည်သူများ စစ်ဘက်ဆိုင်ရာဖိအားများနှင့် ပိတ်ဆို့မှုခံနေရသဖြင့် ယူကရိန်းကိစ္စပေါ်ပေါက် လာခဲ့ခြင်းဖြစ်ကြောင်း ပူတင်က ဂူတာရက်စ်ကို ပြောသည်။

ပူတင်၏အပြောအရ ဒွန်ဘက်သည် ၎င်းတို့၏ အချုပ်အခြာပိုင်ဆိုင်မှုကို ကြေညာခွင့်ရှိကြောင်းနှင့် ရုရှားက ၎င်းတို့၏လွတ်လပ်ရေးကို အသိအမှတ်ပြုပြီး စစ်ရေးဆိုင်ရာ အထောက်အပံ့များထောက်ပံ့ပေးမည် ဖြစ်ကြောင်း သိရသည်။

စစ်ဆင်မှုများ ဆက်လက်ပြုလုပ်နေသော်လည်း သံတမန်လမ်းကြောင်းဖြင့် သဘောတူညီချက် ရရှိရန်မျှော်လင့်ထားကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိပြီး သူတို့ကို ငြင်းပယ်သွားမည် မဟုတ်ကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။

လူသားချင်းဆိုင်ရာ လမ်းကြောင်းများ ထိထိ ရောက်ရောက်ဖြစ်ရေးအတွက် ယူကရိန်းအခြေအနေ များကို ဆွေးနွေးနိုင်မည့် ကုလသမဂ္ဂ၊ ရုရှားနှင့် ယူကရိန်းသုံးဦးပါ အုပ်စုတစ်စုကို ဖန်တီးရန် ဂူတာ ရက်စ်က အဆိုပြုခဲ့သည်။

ယူကရိန်း၏ မာရီပူးအခြေအနေများကို ဖြေရှင်း ရန်ကုလသမဂ္ဂသည် ၎င်း၏ လူသားချင်းဆိုင်ရာ အရင်းအမြစ်များနှင့် ထောက်ပံ့ပို့ဆောင်မှုများ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် အပြည်ပြည် ဆိုင်ရာကြက်ခြေနီတပ်ဖွဲ့၊ ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့ များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဇော့စတယ် သံနှင့်စတီးကုမ္ပဏီရှိ အရပ်သား များကို ရွှေ့ပြောင်းကယ်ဆယ်မှုများ လုပ်ဆောင်ရန် အဇော့စတယ်၏အခြေအနေအရပ်ရပ်ကို နားလည် သဘောပေါက်ပြီး နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် နှစ်ရက်၊ သုံးရက် အတွင်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဂူတာ ရက်စ်က ပြောကြားလိုက်သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တွေ့ဆုံစဉ်။

ရုရှား၏ လူသားချင်းစာနာထောက်ထားမှု စင်္ကြံလမ်း များသည် အလုပ်မဖြစ်ဆိုသည့် ဖော်ပြချက်များကို ရုရှားက ငြင်းဆိုထားသည်။ ရုရှားသည် ယူကရိန်း စစ်သုံ့ပန်းများကို မည်သို့ဆက်ဆံသလဲဆိုသည်ကို ကြည့်ရှုရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီ အဖွဲ့ကိုယ်စားလှယ်များကို ဖိတ်ခေါ်ချင်ကြောင်း ပူတင်က ပြောသည်။

မော်စကိုသို့သွားရောက်ခြင်းမပြုမီ ဂူတာရက်စ် သည် တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်နှင့် မြို့တော်အင်ကာရာတွင်တွေ့ဆုံခဲ့သည်။ ပူတင်နှင့် ဆွေးနွေးပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်သည် ယူကရိန်းသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်သမ္မတရိုဒရီဂို ဒူတာတေး အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံကြားကျင်းပမည့် အစည်းအဝေး လွဲချော်ဖွယ်ရှိ

**မနီလာ ဧပြီ ၂၇**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် အမေရိကန် ပြည်ထောင်စုနှင့် အရှေ့တောင် အာရှနိုင်ငံများကြား နောက်လ တွင် ကျင်းပမည့် အစည်းအဝေးနှင့် လွဲချော်ဖွယ်ရှိသည်။

အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခုတွင် ဒူတာ တေးက ဘိုင်ဒင်နှင့် ဆွေးနွေးဖို့ အာဆီယံအစည်းအဝေး တက် ရောက်ရန် ဖိတ်ကြားချက်ကို လက်ခံခဲ့ကြောင်း၊ သို့သော်လည်း အသစ် ရွေးကောက်တင်မြှောက် မည့် ဖိလစ်ပိုင်သမ္မတလည်း ရှိသေးကြောင်းနှင့် နောက်အစိုးရ သစ်သည် အစည်းအဝေးတွင် သဘောတူညီချက် သို့မဟုတ် ကတိကဝတ်ပြုမှုများကို ဆွေးနွေး ချင်ပုံမရှိကြောင်း ပြောကြား လိုက်သည်။




ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး။

အသစ် ရွေးကောက်မည့် သမ္မတသစ်လည်း ရှိနေပြီဖြစ်ရာ အဆိုပါအစည်းအဝေးသို့ တက် ရောက်ရန်မှာ ကောင်းသည့်ကိစ္စ မဟုတ်ကြောင်း ဒူတာတေးက ပြောကြားလိုက်သည်။

ဖွန်လတွင် ခြောက်နှစ်တာ သမ္မတသက်တမ်း ကုန်ဆုံးတော့ မည့် ဒူတာတေးနေရာတွင် ဆက်ခံ သွားမည့် သမ္မတသစ်ကို မေ ၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသားများ က ရွေးကောက်တင်မြှောက်ကြ မည်ဖြစ်သည်။ ဒူတာတေးကို ၂၀၁၆ ခုနှစ်က ဖိလစ်ပိုင်သမ္မတ အဖြစ် ရွေးကောက်တင်မြှောက် ခဲ့သည်။ ဖိလစ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေက သမ္မတကို ခြောက်နှစ်သက်တမ်းသာ လုပ်ခွင့် ပြုထားသည်။

ဖိလစ်ပိုင် နိုင်ငံခြားရေး ဝန်ကြီးဌာနက အဆိုပါအစည်း အဝေးသို့ မည်သူတက်ရောက်မည် ဆိုသည့် တရားဝင်ကြေညာချက် ထုတ်ပြန်ကြေညာခြင်း မရှိသေး ကြောင်း သိရသည်။

အာဆီယံသည် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ် ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့ဖြင့် ဖွဲ့စည်းထား သည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ တက္ကသိုလ်တစ်ခု၌ ပေါက်ကွဲမှုဖြစ် တရုတ်နိုင်ငံသားသုံးဦးအပါအဝင် လေးဦး သေဆုံး

**ကရာချိ ဧပြီ ၂၇**

ပါကစ္စတန်နိုင်ငံ တက္ကသိုလ်တစ်ခုတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံသားသုံးဦးအပါအဝင် လေးဦးသေဆုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိတက္ကသိုလ်တွင် ဧပြီ ၂၆ ရက် နေ့လယ်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုတွင် တရုတ်နိုင်ငံသားသုံးဦးနှင့် ပါကစ္စတန် တစ်ဦးသေဆုံးခဲ့ကြောင်း ရဲများနှင့် တခြားသတင်းရင်းမြစ်များက ပြောသည်။ ထို့အတူ ပေါက်ကွဲမှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

တရုတ်ဘာသာစကားသင်ကြားပေးနေသော ကွန်ဖြူးရှပ်အင်စတီကျူ ကျောင်းသို့တက်ရောက်နေသူများ သေဆုံးမှုတွင် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

ပေါက်ကွဲမှုတွင်ဓားစာခံဖြစ်မည့် ယာဉ်သည် ကွန်ဖြူးရှပ်အင်စတီကျူ သို့ ဦးတည်မောင်းဝင်လာစဉ် လမ်းဘေးတွင်ရပ်နေသည့် ဗုံးများဖြင့် တွဲချည်ထားသော အမျိုးသမီးတစ်ဦးက ဗုံးများကိုဖောက်ခွဲခဲ့ခြင်းဖြစ် သည်။

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလော်ချီစတန်ပြည်နယ်မှ ခွဲထွက်ရေးလက်နက်ကိုင်တပ်ဖွဲ့က အဆိုပါတိုက်ခိုက်မှုသည် ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို တရားမျှတမှုရှိအောင် အပြစ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘာ့ ရှာရစ်ဖ်က လူမှုမီဒီယာ ပေါ်တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ် ဇူလိုင်လက ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုတစ်ခုတွင်လည်း တရုတ်နိုင်ငံသား ကိုးဦး သေဆုံးခဲ့သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်ဒုသမ္မတ ကိုဗစ်-၁၉ ကူးစက်ခံနေရကြောင်း အိမ်ဖြူတော်ကြေညာ

**ဝါရှင်တန် ဧပြီ ၂၇**

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရကြောင်း အိမ်ဖြူတော်က ဧပြီ ၂၆ ရက်က ကြေညာလိုက်သည်။

ဒုတိယသမ္မတသည် အမေ ရိကန် သမ္မတ ဂျိုးဘိုင်ဒင်နှင့် အနီးကပ် ဆက်သွယ်ခြင်းမရှိ ကြောင်း ဟားရစ်၏ ပြန်ကြားရေး တာဝန်ခံကပြောကြားလိုက်သည်။

ဟားရစ်သည် ဝါရှင်တန်မှ တစ်ပတ်ကြာ တနင်္လာနေ့အထိ အဝေး၌ ရှိနေခဲ့သည်။

ဒုတိယသမ္မတ၌ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ မတွေ့ရ ကြောင်း ဖော်ပြထားပြီး လတ်တလောတွင် နေအိမ်မှ အလုပ်လုပ်မည်ဖြစ်သည်။

အမေရိကန် ကာကွယ်ရေး ဝန်ကြီး လွိုက်အော်စတင်သည် ယခုနှစ် ဇန်နဝါရီလက ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့အတူ ဟားရစ်၏ ခင်ပွန်းသည် ဒေါက်အမ်ဟော့ခ် သည်လည်း မတ်လက ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားခဲ့သည်။

အင်န်အိတ်ချ်ကေ



အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်။

# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ဓာတ်လိုက်၍ ၁၀ ဦးသေဆုံး

**နယူးဒေလီ ဧပြီ ၂၇**

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော တမီးလ်နာဒူတွင် ဓာတ်လိုက်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ် အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပွဲတော်ကာလအတွင်း ရှေးခေတ်နှစ်ဘီးတပ်စစ်ရထားကြီးကို ခင်းကျင်းပြသပြီး စီတန်းလှည့်လည်နေစဉ် လမ်းပေါ်သို့ပြတ်ကျနေသော ဗို့အားမြင့်လျှပ်စစ်ကြိုးနှင့် ထိမိပြီးနောက် ထိုကဲ့သို့ ဓာတ်လိုက်သေ ဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဝမ်းနည်းဖွယ်ဖြစ်ရပ်သည် တမီးလ်နာဒူ၏ တန်ဂျာဗားဒေသ တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ကျွန်းရွှေဝါရပ်ကွက်နေ ထိန်လင်းသည် ၎င်းအသုံးပြုသည့် “ထိန်လင်း” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ မင်းခန့်စိုး(ခ) ကောင်းမြတ်စိုးသည် ၎င်းအသုံးပြုသည့် “Min Khant Soe” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက် ဆန်တန်းရပ်နေ သီဟသည် ၎င်းအသုံးပြုသည့် “Thiha” Facebook အကောင့်၊ ပခုက္ကူမြို့နယ် ထန်းတောချောင်ကျေးရွာနေ ဦးကံ(ခ) ရိုးခတ်သည် ၎င်းအသုံးပြုသည့် “Yoe Khat” Facebook အကောင့်၊ မြိုင်မြို့နယ် ရေမျက်နီကျေးရွာနေ နှင်းပွင့်ဖြူသည် ၎င်းအသုံး ပြုသည့် “Hinn Pwint Phyu” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ မငယ်နှင့် ၎င်း၏ ခင်ပွန်း ချမ်းငြိမ်းထိုက်တို့သည် ၎င်းတို့အသုံးပြု သည့် “Ma Ngal” Facebook အကောင့်နှင့် “Chan Nyein Htike” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် စိတ္တရမဟီရပ်ကွက်နေ သီဟဇော်(ခ)ဇော်သီဟ သည် ၎င်းအသုံးပြုသည့် “Thiha Zaw” Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ထက်အောင်သည် ၎င်းအသုံးပြုသည့် “Htet Aung” Facebook အကောင့်၊ ညောင်ဦး မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ရဲထက်ဦးသည် ၎င်းအသုံးပြုသည့် “Ye Htet Oo” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဝင်းခိုင်သည် ၎င်းအသုံးပြုသည့် “Win Khaing” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဇော်ဇော်သည် ၎င်းအသုံးပြုသည့် “Zaw Zaw” Facebook အကောင့်၊ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေ အာကာကျော်သည် ၎င်းအသုံးပြုသည့် “Arkar Kyaw” Facebook အကောင့်၊ အမရပူရမြို့နယ် လေးစုရပ်ကွက်နေ သီတာမြင့်(ခ)လုံးလုံး သည် ၎င်းအသုံးပြုသည့် “Lone Lone” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ မိုင်သီရိထွန်းသည် ၎င်းအသုံးပြုသည့် “Mine Thiri Tun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ စာသင်ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားမှုကို မလိုလားသည့် အကြမ်းဖက်သမားများက မူလတန်းလွန်ဗဟိုစာသင်ကျောင်းအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၇**

အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေး အတွက် စာသင်ကျောင်းများဖွင့်လှစ်၍ စာပေ သင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် ပညာရေးဆိုင်ရာရုံး၌ာနများနှင့် စာသင် ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များ ဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့် အပြင် လူငယ်၊ လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမ များအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြုလုပ်လျက် ရှိသည်ကို တွေ့ရှိလာရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မေ ၂၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူး မြို့နယ် ရုံးကြီးရပ်ကွက်၌ မူလတန်းလွန် ဗဟို စာသင်ကျောင်းရှိ KG စာသင်ခန်းအား အကြမ်းဖက် သူများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ် ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် စာသင်ခန်းအတွင်းရှိ **အလျား ၂၄ ပေ၊ အနံနှစ်ပေရှိ သင်ထောက်ကူ ဗီရိုတစ်လုံးနှင့်** မျက်နှာကြက်များ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာ သင်ကြားလျက်ရှိသည်ကို မလိုလားဘဲ စာသင်



ကျောင်းများ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက် သမားများကို ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာ သင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တော မြို့နယ် နယ်မြေ(၉) အင်းဒင်စစ်ဆေးရေးဂိတ်တွင် တစ်တုံးလျှင် ၁၀ ကျပ်သားခန့်ရှိ ရွှေရောင်အတုံး ၃၅ တုံး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီ မြို့နယ်အတွင်း တရားမဝင် ကျွန်းတံခါးချပ်နှင့် ကျွန်းတံခါး အပိုင်းအစများ ၃ ဒသမ ၃၄၅၀ တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၅၀၀) နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၃၅၀၀) ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ထို့အတူ မေ ၂၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မောင်တော မြို့နယ် နယ်မြေ(၉) အင်းဒင် စစ်ဆေးရေးဂိတ်တွင် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ အငူမော် ဘက်မှ မောင်တောဘက်သို့ မောင်းနှင်လာသော မော်တော် ယာဉ်တစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော အကယ်ဒမီ ၁၀၀ ရာခိုင်နှုန်း စာတန်းပါ အလျားနှစ်လက်မ၊ အနံတစ်လက်မ ခန့်၊ တစ်တုံးလျှင် ၁၀ ကျပ်သား ခန့်ရှိ ရွှေရောင်အတုံး ၃၅ တုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

အလားတူ မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တော ဦးစီးဌာန ဦးဆောင်သော ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ တောင်ကုတ် မြို့နယ် ဆားပြင်ကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၉၈၅၄ တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၈၉၇၈) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံ ခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေး စခန်း၌ တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ ကုန်တင် ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိ သည့် ဘီယာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၂၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

အလားတူ မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ အကောက်ခွန် ဦးစီးဌာန ဦးဆောင်သော ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိ သည့် အလှကုန်ပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၈၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူ ဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၉၂၄၇၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှ သိရ သည်။

**သတင်းစဉ်**

# မေ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၇–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၂၄,၇၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၈၀၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၇၄၀) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃–၄–၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၅) ရက်ဆက်တိုက် ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇–၄–၂၀၂၂) ရက်နေ့မှ စတင်၍ ယနေ့အထိ (၂၁) ရက်ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆–၄–၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၃၀,၁၄၂,၈၉၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၇,၀၂၈,၄၆၇) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၃,၁၁၄,၄၂၈) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၃၆၉,၂၄၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆–၄–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၅၄,၆၂၆,၅၇၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၇–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၉) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၈၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၇၂) ခု | (၃) ဦး |
| **စုစုပေါင်း** | (၈,၇၆၁) ခု | (၁၇) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၆–၄–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၀၂၈,၄၆၇) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၃,၁၁၄,၄၂၈) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၃၆၉,၂၄၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၃၀,၁၄၂,၈၉၅) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | (၅၄,၆၂၆,၅၇၂) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၇၈၉၇၁၆ | ၈၀၅၄၇၄၀၂ | ၁၀၁၉၀၀၈ |
| ၂။ | အိန္ဒိယ | ၄၃၀၆၅၆၆၆ | ၄၂၅၂၅၅၆၃ | ၅၂၂၃၇၄ |
| ၃။ | ဘရာဇီး | ၃၀၃၇၈၀၆၁ | ၂၉၄၁၁၈၁၃ | ၆၆၂၉၄၁ |
| ၄။ | ပြင်သစ် | ၂၈၄၁၅၄၁၃ | ၂၆၂၄၅၀၄၄ | ၁၄၅၄၂၇ |
| ၅။ | ဂျာမနီ | ၂၄၃၆၃၃၇၉ | ၂၁၆၆၅၂၀၀ | ၁၃၅၁၂၄ |
| ၆။ | ဗြိတိန် | ၂၁၉၉၄၈၀၉ | ၂၁၀၂၇၈၈၅ | ၁၇၄၁၄၄ |
| ၇။ | ရုရှား | ၁၈၁၅၉၆၀၀ | ၁၇၅၀၆၈၅၉ | ၃၇၅၄၀၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၀၈၆၆၂၆ | စိစစ်ဆဲ | ၂၂၄၆၆ |
| ၉။ | အီတလီ | ၁၆၁၉၁၃၂၃ | ၁၄၇၉၃၄၂၀ | ၁၆၂၉၂၇ |
| ၁၀။ | တူရကီ | ၁၅၀၂၃၆၆၂ | ၁၄၉၀၃၄၂၀ | ၉၈၇၂၀ |

## ၂၇-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၂၀၂၀၃ | ၉၁၁၆၂၂၅ | ၄၃၀၂၉ |
| အင်ဒိုနီးရှား | ၆၀၄၅၆၆၀ | ၅၈၈၀၃၁၉ | ၁၅၆၁၉၉ |
| မလေးရှား | ၄၄၃၆၉၁၂ | ၄၃၃၉၅၂၁ | ၃၅၅၂၀ |
| ထိုင်း | ၄၂၀၉၅၇၁ | ၄၀၁၈၄၆၀ | ၂၈၁၄၇ |
| ဖိလစ်ပိုင် | ၃၆၈၅၀၂၉ | ၃၆၁၄၂၃၈ | ၆၀၂၁၅ |
| စင်ကာပူ | ၁၁၈၇၉၁၄ | ၁၁၁၅၈၂၉ | ၁၃၃၃ |
| မြန်မာ | ၆၁၂၈၀၂ | ၅၉၁၇၄၀ | ၁၉၄၃၄ |
| လာအို | ၂၀၆၅၁၂ | ၂၀၃၄၁၁ | ၇၃၇ |
| ဘရူနိုင်း | ၁၄၁၅၃၁ | ၁၄၀၄၂၂ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၃၅ | ၁၃၂၉၉၄ | ၃၀၅၆ |

# စိတ်ဝင်စားဖွယ် မြန်မာ့ကော်ဖီအကြောင်း သိကောင်းစရာ

မျိုးမြတ်မိုး (MANA)



ရှမ်းပြည်နယ်အတွင်းမှ ကော်ဖီစိုက်ခင်းတစ်ခုတွင် ကော်ဖီသီးများခူးဆွတ်နေစဉ်။

### မြန်မာ့ကော်ဖီစိုက်ပျိုးမှု

ကော်ဖီသီးနှံ၏ မူရင်းဒေသမှာ အီသီယိုးပီးယားနိုင်ငံဖြစ်ပြီး ၁၃ ရာစုတွင် စတင်တွေ့ရှိခဲ့သည်။ ထိုမှတစ်ဆင့် ကော်ဖီပင်သည် အီဂျစ်နိုင်ငံနှင့် ယီမင်နိုင်ငံတို့သို့ ပျံ့နှံ့ခဲ့သည်။ ၁၅ ရာစုနောက်ပိုင်းတွင် အင်္ဂလန်၊ ဘရာဇီး၊ ဩစတြေးလျ၊ အမေရိကန်၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့၌ စိုက်ပျိုးခဲ့ကြသည်။ ၁၇၂၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌လည်းကောင်း၊ ၁၈၅၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း၊ စတင်စိုက်ပျိုးထုတ်လုပ်လာသည်။ မြန်မာနိုင်ငံတွင် ၁၈၈၅ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

၂၀၁၇ ခုနှစ် မေလတွင် နေပြည်တော်၌ ပထမအကြိမ် ကော်ဖီဖိုရမ် ကျင်းပပြီးချိန်နောက်ပိုင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအား ပိုမိုစိတ်ဝင်စားလာသည်ကို တွေ့ရှိရပြီး စိုက်ဧကများလည်း ပိုမိုတိုးတက်လာသည်။ အရည်အသွေးပိုင်းတွင်လည်း တိုးတက်မှုရှိလာခဲ့ပြီး ရောင်းတမ်းဝင် ဖြစ်လာခဲ့သည်ကို တွေ့ရှိရသည်။ ယခုအခါတွင် မြန်မာ့အထူးတန်းဝင် ကော်ဖီမှာလည်း နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ကာ အတော်အသင့်နေရာယူလာပြီဖြစ်သည်။ မြန်မာ့အာရေဗီးကားကော်ဖီအတွက်လည်း အနာဂတ် အလားအလာကောင်းများ တွေ့ရှိနေရပြီဖြစ်၍ နည်းစနစ်ပိုင်းနှင့် အရည်အသွေးပိုင်းတို့တွင် အိမ်နီးချင်းနိုင်ငံများကို အမီလိုက်နိုင်စေရေး ထုတ်လုပ်တင်ပို့မှုကို အထူးအလေးထား ဆောင်ရွက်လျက်ရှိနေကြောင်းလည်း တွေ့ရသည်။

### ရိုဘက်စတာကော်ဖီ

မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် ရိုဘက်စတာကော်ဖီသည်လည်း အာရေဗီးကားကော်ဖီနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းကောင်းမွန်ခြင်း၊ စီးပွားဖြစ် လုပ်ကိုင်နိုင်ရေးအတွက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရာသီဥတုနှင့် မြေအခြေအနေပေးခြင်းတို့ကြောင့် နိုင်ငံခြားငွေ တိုးမြင့်ရရှိရေးအတွက် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးပွားရေးနှင့် ဈေးကွက်ဝင်ကော်ဖီများ၊ ကော်ဖီအရောင်းသွက်စေရန်အတွက် သွင်းကုန်အစားထိုးပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိနေသော ရိုဘက်စတာကော်ဖီကိုလည်း အရှိန်အဟုန်မြှင့် စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ကော်ဖီအထွက်နှုန်း ကောင်းမွန်စေရန်နှင့် အရည်အသွေးကောင်း ကော်ဖီမျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးနိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကော်ဖီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရန် လိုအပ်သည့်အတွက် တောင်သူပညာပေးသင်တန်းဖွင့်လှစ်ပြီး ကော်ဖီစိုက်တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ စတင်စိုက်ပျိုးသည်မှ ကုန်ချောအဆင့်ရသည်အထိ လိုအပ်သည့် ပံ့ပိုးကူညီဖြည့်ဆည်းမှုတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကော်ဖီစိုက်တောင်သူများအား ပြောကြားထားသည်။ ပြင်ဦးလွင်ဒေသနှင့် ရွာငံဒေသမှထွက်ရှိသော အော်ဂဲနစ်ကော်ဖီကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနိုင်ငံတို့ကို တင်ပို့နိုင်သည့်အပြင် ယခုလက်ရှိ အမေရိကန်နိုင်ငံမှလည်း ကမ်းလှမ်းဝယ်ယူမှုများ ရှိလာခဲ့ပြီဖြစ်သည့်အတွက် ကမ္ဘာ့ကော်ဖီ ဈေးကွက်ဝေစုရရှိနေပြီး အော်ဂဲနစ်ကော်ဖီမှ နိုင်ငံခြားဝင်ငွေရရှိသော ပြည်ပပို့ကုန်တစ်ရပ်အနေဖြင့် တွေ့မြင်ရသည်။

### ကော်ဖီပြပွဲ၊ ပြိုင်ပွဲများ

မြန်မာနိုင်ငံအတွင်းမှ စိုက်ပျိုးထွက်ရှိသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ ထိုးဖောက်နိုင်စေရန်နှင့် ဈေးကွက်တိုးချဲ့နိုင်စေရန် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ကော်ဖီပြပွဲ၊ ပြိုင်ပွဲများ၌ ပါဝင်ပြသခြင်းအားဖြင့် မြန်မာ့ကော်ဖီအရည်အသွေးကို ကမ္ဘာတစ်ဝန်းမှ ပိုမိုသိရှိလာစေရန် ရည်မှန်းထားကြောင်း သိရသည်။ ပြည်ပနိုင်ငံများသို့ တင်ပို့နေသောကော်ဖီများကို ဈေးကွက်လိုအပ်ချက်အရ အရည်အသွေးကောင်းမွန်စေရန် ဂရုတစိုက် စိုက်ပျိုးထုတ်လုပ်နေရသည်။ အရည်အသွေးကောင်းမွန်သောကော်ဖီများကို တင်ပို့နိုင်မှသာ ရေရှည်တွင် မြန်မာ့ကော်ဖီသည် ကမ္ဘာ့ကော်ဖီဈေးကွက်၌ ပိုမိုထိုးဖောက်လာနိုင်မည်ဖြစ်ကြောင်း ပြည်ပသို့ ကော်ဖီတင်ပို့နေသောလုပ်ငန်းရှင်များက ပြောသည်။ မြန်မာနိုင်ငံတွင် ကော်ဖီပင်များကို ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ဟိုပုံး၊ ပင်လောင်း စသည့် ဒေသများအပြင် ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ဒေသအချို့တွင်လည်း စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၈၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုတွင် ထိပ်ဆုံးမှဦးဆောင်နေသည်။ ကမ္ဘာပေါ်တွင် ကော်ဖီအကြီးအကျယ်စိုက်ပျိုးသော ဒေသများမှာ အမေရိကတိုက်အလယ်ပိုင်း၊ မက္ကဆီကို၊ အာရေဗျကျွန်းဆွယ်၊ အာဖရိကတိုက်နှင့် အိန္ဒိယရှိ အချို့ဒေသများ၊ သီဟိုဠ်ကျွန်း၊ ဆူမားတြား၊ ဂျာဗားနှင့် ပစိဖိတ်သမုဒ္ဒရာရှိကျွန်းများဖြစ်ကြပြီး နိုင်ငံပေါင်း ၈၀ တွင် စိုက်ပျိုးကြသည်။ ၂၀၁၉ ခုနှစ်က မက်ထရစ်တန် ရှစ်သန်း ထုတ်လုပ်ခဲ့သဖြင့် ရေနံပြီးလျှင် ကမ္ဘာ့ကုန်သွယ်ရေးတွင် ဒုတိယလိုက်နေသော ပို့ကုန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား ဧကနှစ်သိန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ယင်းခန့်မှန်းတွက်ချက်ထားသကဲ့သို့ မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်နိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၆၀၀၀၀ အထိရှိလာမည်ဖြစ်သည်။ မြန်မာ့ကော်ဖီကို အမေရိကန်၊ ဥရောပ၊ ဂျပန် ၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်၊ တရုတ်(တိုင်ပေ)သို့ တင်ပို့ရောင်းချလျက်ရှိရာ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် မြန်မာကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀၀ ခန့်ရရှိခဲ့သည်ဟု သိရသည်။

### အပြောင်းအလဲ၏ အစ

မြန်မာ့ကော်ဖီလုပ်ငန်းတိုးတက်မှု အပြောင်းအလဲ၏အစသည် ၂၀၁၃ ခုနှစ်ဝန်းကျင်တွင် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)သည် မြန်မာနိုင်ငံ၏ ကော်ဖီလုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးရေးအတွက် တောင်သူများနှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် ခေတ်မီနည်းပညာနှင့် အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သကဲ့သို့ ကော်ဖီထုတ်လုပ်ရောင်းချသူများကိုလည်း နိုင်ငံတကာဈေးကွက်သို့ လက်လှမ်းမီစေနိုင်ရန် ဈေးကွက်နှင့်ချိတ်ဆက်ပေးခြင်းအထိပါ ဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကော်ဖီပို့ကုန်ဆိုင်ရာ အချက်အလက်များအရ ၂၀၁၃ ခုနှစ်မတိုင်မီတွင် မြန်မာနိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် တန်ချိန် ၆၀၀ ခန့်အောက်သာရှိပြီး ပို့ကုန်ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ တစ်သန်းအောက်သာ ရှိခဲ့သည်။ အဆိုပါနှစ်များတွင် မြန်မာ့ကော်ဖီထုတ်လုပ်မှုသည် မိရိုးဖလာထုတ်လုပ်မှုပုံစံဖြင့် ထုတ်လုပ်ခဲ့ကြပြီး ကော်ဖီ၏ အရည်အသွေးမှာလည်း နိမ့်ပါးခဲ့သည်။

### ပြည်ပတင်ပို့မှု

၂၀၁၈ ခုနှစ်တွင် မြန်မာ့ကော်ဖီကို ပြည်ပသို့ တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ခြောက်သန်းခန့်ရရှိခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့၏ အချက်အလက်များအရ သိရသည်။

*စာမျက်နှာ ၁၇ သို့*

❖ **ပြည်ပသို့ စုစုပေါင်း ကော်ဖီတင်ပို့မှုအနက် အထူးတန်းဝင် ကော်ဖီအမျိုးအစားတင်ပို့မှုသည် တန်ချိန် ၄၀၀ ခန့် ပါဝင်ခဲ့ပြီး အထူးတန်းဝင်ကော်ဖီ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၀၀ မှ ၁၀၀၀၀ အကြား ဈေးကောင်းရလျက်ရှိသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီသည် နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အသင့်သောက်ကော်ဖီများသာ လွှမ်းမိုးလျက်ရှိသည်။ ပြည်ပပို့ကုန်အတွက် အာရေဗီးကားကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုကို အားစိုက်ဆောင်ရွက်သလို နိုင်ငံအတွင်း ပြည်ပမှ တင်သွင်းနေရသည့် အသင့်သောက်ကော်ဖီနေရာများတွင် အစားထိုးနိုင်ရန် ရိုဘက်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကိုလည်း မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်သည်**

# ချေးငွေအစီအစဉ် ကောင်းမွန်စွာလည်ပတ်နိုင်ခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်လာပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်

နေပြည်တော် မေ ၂၇

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း (JICA, Two Step Loan) စီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေး (၂၁/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)





အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက JICA, Two Step Loan ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး စီမံကိန်းတန်ဖိုး ကျပ်ဘီလီယံ ၂၀၀ ခန့်ရှိကာ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀၊ ပေါင်းနှစ် ၄၀ သက်တမ်းရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများတွင် အဓိကအသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာစီးပွားအခြေခံစက်ရုံ၊ အလုပ်ရုံများတည်ဆောက်နိုင်ရန် အတိုးနှုန်းသက်သာသည့် ချေးငွေများကို တောင်သူတစ်ဦးချင်း ကျပ်သိန်း ၇၀၀ အထိ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်ထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ မြို့နယ်တို့မှ တောင်သူ ၅၅၇၆ ဦးကို ချေးငွေကျပ် ၂၂၉ ဒသမ ၉၇၉ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ချေးငွေရယူထားသည့်တောင်သူများ အချိန်စေ့အရစ်ကျ ပြန်ဆပ်သည့်ငွေကို ချေးငွေရယူလိုသည့်တောင်သူများသို့ စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေအစီအစဉ် ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်လာပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် စဉ်ဆက်မပြတ် Evaluation & Monitoring ပြုလုပ်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းသူနှင့် တာဝန်ရှိသူများက JICA, Two Step Loan ချေးငွေထုတ်ချေးထားမှုအခြေအနေနှင့် တောင်သူတစ်ဦးချင်း အများဆုံးထုတ်ချေးနိုင်မည့် ငွေပမာဏ သိန်း ၅၀၀ မှ သိန်း ၇၀၀ သို့ တိုးမြှင့်ထုတ်ချေးခွင့်ပြုသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၇**



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၂၂၆၈ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၁၁၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၈၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၄၉၄၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ဒေသခံပြည်သူ ၂၂၉၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၄၁၂၀ နှင့် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်၌ ဒေသခံပြည်သူ ၆၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

မြန်မာ့ကော်ဖီကို နိုင်ငံပေါင်း ၁၆ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည်။ ပြည်ပသို့ စုစုပေါင်း ကော်ဖီတင်ပို့မှုအနက် အထူးတန်းဝင် ကော်ဖီအမျိုးအစားတင်ပို့မှုသည် တန်ချိန် ၄၀၀ ခန့် ပါဝင်ခဲ့ပြီး အထူးတန်းဝင် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၁၀၀၀၀ အကြား ဈေးကောင်းရလျက်ရှိသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီသည် နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အသင့်သောက်ကော်ဖီများသာ လွှမ်းမိုးလျက်ရှိသည်။ ပြည်ပပို့ကုန်အတွက် အာရေဗီးကားကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို အားစိုက်ဆောင်ရွက်သလို နိုင်ငံအတွင်း ပြည်ပမှတင်သွင်းနေရသည့် အသင့်သောက်ကော်ဖီနေရာများတွင် အစားထိုးနိုင်ရန် ရိုဘက်စတာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကိုလည်း မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးမှု ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၈၀၀၀ ခန့် ထုတ်လုပ်နေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကော်ဖီလုပ်ငန်းဆိုင်ရာ အချက်အလက်များတွင် ဖော်ပြထားသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရေဗီးကား ကော်ဖီအမျိုးအစား စိုက်ပျိုးထုတ်လုပ်မှုဖြစ်ပြီး ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးသည်။ ကျန် ၁၀ ရာခိုင်နှုန်းသည် ရိုဘက်စတာ ကော်ဖီအမျိုးအစား စိုက်ပျိုးမှုဖြစ်ပြီး ကရင်ပြည်နယ်တွင် စိုက်ပျိုးလျက်ရှိသည်။ အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (US-AID) ၏ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့်ငါးနှစ်အတွင်း မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာနှင့် သင်ကြားမှုများကို တောင်သူ ၈၀၀၀ ကျော်ထံ ကူညီပေးခဲ့ပြီး ထုတ်လုပ်မှုနှင့်ဈေးကွက်ချိတ်ဆက်မှုများကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

**ဈေးကွက်မြှင့်တင်ရန် ဆွေးနွေး**

မြန်မာ့ကော်ဖီဈေးကွက်ကို အလေးထားအသိအမှတ်ပြုသည့် အနေဖြင့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီသည် မြန်မာနိုင်ငံကော်ဖီအသင်းနှင့်အတူ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် အဖွဲ့ ၁၀ ဖွဲ့နှင့်ရန်ကုန်မြို့ရှိဟိုတယ်၊ စားသောက်ဆိုင်များမှ ကော်ဖီဝယ်ယူသူများနှင့် တွေ့ဆုံကာ မြန်မာ့ကော်ဖီဈေးကွက်မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် မြန်မာနိုင်ငံကော်ဖီအသင်းကို ၂၀၁၃ ခုနှစ်က စတင်ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကော်ဖီအသင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် ရောင်းချသူများအတွက် ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲများ ကျင်းပပေးခြင်း၊ ကော်ဖီအရည်အသွေးမြှင့်သင်တန်းများနှင့် အခြားနည်းပညာဆိုင်ရာသင်တန်းများဖွင့်ခြင်း၊ စီးပွားရေးလုပ်ငန်း အချင်းချင်း ချိတ်ဆက်ပေးသည့်ပွဲများ ကျင်းပပေးခြင်းတို့ ပြုလုပ်ခဲ့သည်။

**ကော်ဖီသည် ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့်သီးနှံကုန်စည်တစ်ခုဖြစ်သည်။** မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်သောက်သုံးနေကြသော ကော်ဖီခွက်ရေပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်ရှိပြီး ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံသည် နယ်သာလန်နိုင်ငံဖြစ်သည်။ ကော်ဖီသောက်သုံးမှု အများဆုံးနိုင်ငံများတွင် အဆင့် ၈ ရှိသော အမေရိကန်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် တစ်နှစ်လျှင် ၁၈ ဘီလီယံခန့်အထိရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိက စိုက်ပျိုးကြပြီး ယင်းလုပ်ငန်း၌ လူဦးရေသန်းပေါင်း ၁၂၀ ခန့် လုပ်ကိုင်နေကြသည်ဖြစ်ရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများပြားသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက ရှာဖွေပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။

မြန်မာ့ကော်ဖီကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့်ဩစတြေးလျ၊ ပြင်သစ်နိုင်ငံတို့က ဝယ်ယူမှုများရှိနေသည်။ အစိုးရကလည်း ကော်ဖီစိုက်ပျိုးမှုကို ၂၀၁၈-၂၀၃၀ ပြည့်နှစ်ကာလအတွင်း စိုက်ဧက ၂၀၀၀၀၀ ပြည့်မီရန်နှင့် ၂၀၃၀ပြည့်နှစ်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သောက်သုံးမှု အရည်အသွေးကောင်းသည့် ကော်ဖီ စုစုပေါင်းတန်ချိန် ၆၀၀၀၀ ခန့် ထုတ်လုပ်ရန် ရည်မှန်းထားသော်လည်း စိန်ခေါ်မှုများစွာ ရှိနေသေးသည်။

**ကော်ဖီတစ်ခေတ်**
**ဆန်းသစ်လာတော့မည်**

ပြင်ဦးလွင်ဒေသနှင့်ရှာင်ဒေသတို့မှ ထွက်ရှိသည့် မြန်မာ့အာရေဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Special Coffee) အဆင့်တွင် ရရှိခဲ့ပြီး ယခုအခါ ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့်ဈေးနှုန်းများရရှိလာသည်။ ပြည်တွင်း၌လည်း ကော်ဖီဆိုင်များ၊ ကော်ဖီစစ်သောက်သုံးသူများ တဖြည်းဖြည်းများပြားလာသည်ဖြစ်ရာ ကော်စီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရန် လုပ်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် ကော်ဖီသည် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်လာနိုင်ပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် လုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများ ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ပြည်ပပညာရှင်များ ပူးပေါင်းဆောင်ရွက်ကာ ကော်ဖီမှ နိုင်ငံခြားဝင်ငွေ ရရှိရေး အလားအလာကောင်းများ ပေါ်ထွန်းလာနေပြီဖြစ်၍ ကော်ဖီတစ်ခေတ် ဆန်းသစ်လာတော့မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို သင်ကြားပို့ချနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ နိုင်ငံတော်တာဝန်ယူ သည့် ကာလ၌ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး) တို့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊



ရှမ်း တိုင်းရင်းသားတို့၏ ရိုးရာဂီတ နှင့် အကဘာသာရပ်များကို သက်ဆိုင်ရာ တိုင်းရင်းသား ကျွမ်းကျင် ပညာရှင်များဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များ၌ သင်ကြားပို့ချ နိုင်ရန်အတွက် ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သည် ကရင်၊ မွန်၊ ရခိုင် တိုင်းရင်း သား သုံးမျိုးတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို လည်း ကောင်း၊ အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည် ကချင်၊ ကယား၊ ချင်း၊ ရှမ်း တိုင်းရင်းသား လေးမျိုး တို့၏ ရိုးရာဂီတနှင့် အက ဘာသာရပ်များကို လည်းကောင်း သင်ကြားပို့ချနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ တိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ ခန့်ထားရန်အတွက် ဝန်ထမ်း ဖွဲ့စည်းပုံကိုလည်း တင်ပြခွင့်ပြုချက် ရရှိခဲ့ပြီး ဖြစ်သည်။

ယခုအခါ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ကိုယ်စား လှယ်အဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့တို့၏ အကူ အညီဖြင့် တိုင်းရင်းသား စာပေ နှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် သွားရောက်တွေ့ဆုံ၍ တိုင်းရင်း သားတို့၏ ရိုးရာဂီတနှင့် အက ဘာသာရပ်များ သင်ကြားပို့ချ နိုင်ရေး သင်ရိုးညွှန်းတမ်း ပြုစု ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက် လျက်ရှိပြီး အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည်လည်း သင်ရိုး ညွှန်းတမ်း ပြုစုရေးဆွဲရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ခန္တီးမြို့နယ်ရှိ ပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**ခန္တီး ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လက်ပံသာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့ နံနက် ၉ နာရီခွဲက မှန်ပင်ကျေးရွာ၊ ကောင်းမှုကျေးရွာ၊ လက်ပံသာကျေးရွာ၊ တိန်းအင်ကျေးရွာနှင့် မကန်နောင်ကျေးရွာများမှ အသက် ၁၈ နှစ်နှင့် အထက် ကျေးရွာနေပြည်သူ ၂၃၁ ဦးအား ပထမ အကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသည်။

အဆိုပါနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့ဝင် ဦးမြတ်ကိုတို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ခန္တီးမြို့နယ် တွင် အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့်ဦးရေ လျာထား ၂၂၅၃၃ ဦး အနက် ၂၃၅၉၉ ဦးထိုးနှံပြီးဖြစ်ရာ ၁၀၄ ဒသမ ၇၃ ရာခိုင်နှုန်းထိုးနှံပြီး ဖြစ်သည်။**ယွန်း(မုံရွာ ကိုယ်ပွား)**

---

## ဒလမြို့နယ်အတွက် စွန့်ပစ်အမှိုက်ပုံ တည်ဆောက်လျက်ရှိ

**ရန်ကုန် ဧပြီ ၂၇**

တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်၊ ကျိုက်သလဲရေနက်ကွင်း ငါး မွေးမြူရေးစခန်း မြေကေ ၁၀၉ ဒသမ ၉၃ ကေအပေါ်၌ မြို့ပြ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဆောင်ရွက် မည့် ဒလမြို့နယ်အတွက် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ တည်ဆောက်ရန် မြေပြုပြင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှု များကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့်အဖွဲ့ဝင်များ ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဒလနောက်ဆုံး စွန့်ပစ်အမှိုက်ပုံ မြေနေရာသည် တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ် ရေးဌာန၏ တွံတေးငါးမွေးမြူရေး စခန်းမြေနေရာမှ ငါးမွေးမြူရေး ကန်အဖြစ် အသုံး မပြုရသေးသည့် မြေနေရာ ၁၀၉ ဒသမ ၉၃ ကေ ပေါ်တွင် စီမံခန့်ခွဲရေး အဆောက်အအုံ၊ အမှိုက်အလေး ချိန် ချိန်တွယ်သည့်စက်၊ ယာဉ် အဝင်/အထွက်လမ်းများ၊ ရေနုတ် မြောင်းများ၊ မြေထိန်းနံရံများ၊ ခတ်ငွေ့ ထုတ်သည့်ပိုက်များ၊ ရေဆိုးစွန့်ထုတ်မှုပိုက်များ၊ ရေဆိုး ပြုပြင်သန့်စင်သည့်စနစ်၊ မိုးရေ သိုလှောင်ကန်နှင့် ရေဆိုးစုစည်း သည့်ကန်များ၊ ကားရေဆေးခုံနှင့် ပန့်များတပ်ဆင်ခြင်းနှင့် ခြံစည်း ရိုးခတ်ခြင်းများ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ❑ ဂနာမငြိမ်ခြင်း၊
- ❑ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ❑ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ❑ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ❑ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ❑ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ❑ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ❑ ကယောင်ကတမ်းဖြစ်ခြင်း၊
- ❑ သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။**

---

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်း ကျင် ထိန်းသိမ်းရေးနေ့ကို “တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)”** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်နှင့် မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင် နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမို စိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်း နိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်း ထားပါသည်။ ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်း နှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ **“တစ်ခုတည်း သော ကမ္ဘာမြေ (Only One Earth)”** ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများ ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။ စာမူများအား ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန ရုံးအမှတ် (၅၈)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၁၃၂၉၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ (၁၂) ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ် ပေးပို့နိုင်ပြီး အသေးစိတ် အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department–ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၅-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** NRC အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၃၀)
**၁၅:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ဒန့်သလွန်သီး'**
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၀** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၂၀) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ် ဝံ့စမ်းဇော်ထုတ်'** (အပိုင်း-၁၆)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'Flora & Game Over'

**mitv**

**07:02** Evergreen Classic: Parami Taw (Hnin Hnin Htoo)
**07:09** Secret Recipes by Gourmet Chefs (French)
**07:54** Mandalay, The Golden City
**08:00** Traditional Chin Clothes
**08:07** Innovative Handiworks Based On The Art Of Line Drawing
**08:26** Insight Myanmar: Inclusive Education
**08:53** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
**09:01** News
**09:27** Products of Myanmar - Bamboo Hat
**09:35** Halin, A Treasure Trove Of The Ancient Pyu City
**10:01** Coin Collectors

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လျှာလည်စေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၅)

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သာသနာအကြောင်းတရား (အပိုင်း-၄)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
လွိုင်ငမွှေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ပွဲ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
မိုးသားတိမ်ထုအောက်က လွိုင်နန်းဖတောင်အလှ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** လာလည်စေချင် အမျိုးသားကန်တော်ကြီးဥယျာဉ်
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဝယ်မလော့နဲ့'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** သရက်စိုက်ပျိုးဝင်ငွေတိုး
**၀၇:၅၀** ပြုံးပန်းဝေဖြာ တို့တောရွာ တစ်ပိုင်တစ်နိုင် ဥယျာဉ်ငယ်မိသားစုဈေးဆိုင်တည်
**၀၈:၁၅** မျဝေခြင်းဖြင့်အလှဆင်
**၀၈:၅၀** နည်းစနစ်မှန်ရော်ဘာအစေးလှီးခြင်းမှ အရည်အသွေးမြင့်ရော်ဘာသို့
**၀၉:၀၀** ရွှေတောင်ပံဖြန့်ကာပျံမယ့်ဂျူး
**၀၉:၄၅** သက်ရှိလောကရေအဓိက

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အမရပူရခေတ် အမျိုးသား/ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေရောင်းချမည်

**နေပြည်တော် မေ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ အမရပူရခေတ် အမျိုးသား/ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးကို **၂၀၂၂ ခုနှစ် မေ ၂၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလကွယ်နေ့ (သောကြာနေ့) နံနက် ၉ နာရီခွဲ** မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။







အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး နှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၂ ခုနှစ် မေ ၂၉ ရက် (သောကြာနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသား တံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မေ ၂၅** - မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၅/၂၁၄၀ ကျပ် | ၂၁၈၅/၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၆၅/၂၁၇၀ ကျပ် | ၂၂၂၅/၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၃၀/၁၈၄၅ ကျပ် | ၁၈၈၀/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၇၀/၁၈၇၀ ကျပ် | ၁၉၉၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၈ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၇၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၈ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၂ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၈၀၀ | ၂၈၂ | ၂၁၉၉၆၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၃၅၀ | ၉၄၅၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၅၀ | ၉၀၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၈၉၃ | ၂၃၂၁၈၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၉၀၀ | ၂၃၄၀၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၅၀ | ၇၃၅၂၀၀ |

ညီညီ - စုစည်းသည်

---


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ချူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အလင်း



# နယ်မြေလုံခြုံရေးအရ ခေတ္တတိမ်းရှောင်လာသော ဆွတ်ပီယန်နှင့် လုံရှာယန်ဒေသခံ ပြည်သူများအား နေရပ်ကျေးရွာများသို့ ပြန်လည်ပို့ဆောင်

မြစ်ကြီးနား ဧပြီ ၂၇

**ကချင်ပြည်နယ်အစိုးရအဖွဲ့က ပူတာအိုခရိုင်အတွင်းရှိ ဆွတ်ပီယန်ကျေးရွာအုပ်စုနှင့် လုံရှာယန်ကျေးရွာအုပ်စုများမှ နယ်မြေလုံခြုံရေးအခြေအနေအရ မြစ်ကြီးနားမြို့နယ်အတွင်း ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံပြည်သူများအား ၎င်းတို့၏ နေရပ်ကျေးရွာများသို့ ပြန်လည်နေထိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၇ ရက် နံနက် ၈ နာရီခွဲက စီတာပူရပ်ကွက်ရှိ မနောကွင်းအတွင်း စုရပ်ပြုလုပ်ပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စုများအား နေရပ်ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။**



ထိုသို့ဆောင်ရွက်ရာတွင် မနောကွင်းအတွင်း စုရပ်ပြုလုပ်၍ တတိယအသုတ်အဖြစ် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာသော အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၂၄၆ ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များက ပြန်လည်လိုက်ပါပို့ဆောင်ပေးကြမည့် ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များမှ ဘုန်းတော်ကြီးများ၊ တာဝန်ရှိသူများနှင့် နေရပ်ပြန်ပြည်သူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံပြီး လမ်းခရီးတွင် စားသောက်နိုင်ရေး မုန့်နှင့် ရေသန့်ဘူးများ၊ သက်ကြီးဘိုးဘွားများနှင့် မိခင်များအတွက် ထောက်ပံ့ငွေများနှင့် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်စီ ထောက်ပံ့ပေးအပ်သည်။ **(ယာအပေါ်ပုံ)**

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် နေရပ်ပြန်လည်နေထိုင်ရာတွင် လိုအပ်သည့်အခက်အခဲများ၊ လတ်တလော နေထိုင်စားသောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး လမ်းခရီးအစဉ်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဘာသာရေးခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို မြစ်ကြီးနားမြို့၌ ယမန်နေ့ ညပိုင်းက စိစစ်လက်ခံ၍ အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိသည့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမသို့ သွားရောက်ပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၁၃ ဦး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီး ၈၅ ဦးတို့ကို အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိသည့် သီတဂူစက္ခုဒါနဆေးရုံသို့ သွားရောက် တွေ့ဆုံအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လိုအပ်သည့် အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကြီးကြပ်စောင့်ကြည့်သည့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသော ဆန်နှင့်ဂျုံများအား ဆက်လက်ဖြန့်ဝေ

**ရန်ကုန် ဧပြီ ၂၇**

အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံရှိ ပြည်သူများသို့ လူသားချင်းစာနာ ထောက်ထားမှုအဖြစ် လှူဒါန်းသော ဆန်နှင့် ဂျုံများကို ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်နေမှုများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ရွှေပြည်သာမြို့နယ် ရွှေဘုန်းရှိန်လမ်း သာသနာ့ဗိမာန်၌ အမှတ် (၅)ရပ်ကွက်ရှိအိမ်ထောင်စု ၉၀၀ အတွက် ၂၄ ပြည်ပါ ဆန်အိတ် ၉၀၀၊ ၅၀ ကီလိုပါ ဂျုံအိတ် ၂၃ အိတ်တို့ကို လည်းကောင်း၊ အမှတ်(၆) ရပ်ကွက်ရှိ အိမ်ထောင်စု ၉၀၀ အတွက် ၂၄ ပြည်ပါ ဆန်အိတ် ၉၀၀၊ ၅၀ ကီလိုပါ ဂျုံအိတ် ၂၃ အိတ်ကို လည်းကောင်း ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သွားရောက် ကြည့်ရှုအားပေးပြီး ပြည်သူများအား ကူညီဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်းများကို တွေ့ဆုံကာ ကျေးဇူးတင်စကား ပြောကြားသည်။



ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် စားနပ်ရိက္ခာခက်ခဲသော ပြည်သူများအတွက် ၂၄ ပြည်ပါ ဆန်အိတ် ၂၂၅၁၄ အိတ်၊ ၅၀ ကီလိုပါ ဂျုံအိတ် ၅၅၇ အိတ်ကို ဆက်လက်ဖြန့်ဝေ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးကောင်းမြို့နယ်အတွင်း ကိုဗစ်ကာကွယ်ဆေးထိုးရန် ကျန်နေသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိ

**မိုးကောင်း ဧပြီ ၂၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူများကို ပထမအကြိမ်အဖြစ် မိုးကောင်းမြို့တော်ခန်းမ ဆေးထိုးစုရပ်၌ ဧပြီ ၂၇ ရက်က ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ဧပြီ ၂၆ ရက်အထိစာရင်းအရ ပြည်သူ ၁၆၁ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ပထမအကြိမ် ထိုးနှံပြီးသူများကို ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးခြင်း၊ အကြိမ်ပြည့်ထိုးနှံထားသူများကို ထပ်ဆောင်းထိုးနှံပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးသည့်နေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တံတားဦးမြို့နယ်တွင် လေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**တံတားဦး ဧပြီ ၂၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် ဧပြီ ၁၈ ရက် ည ၇ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခြင်းအတွက် ကျေးရွာများအရောက် ထောက်ပံ့ငွေများကို ယနေ့နံနက် ၁၀ နာရီက ပေးအပ်ကြောင်း သိရသည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်ဗိုလ်မှူးသန်းနိုင်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူး ဒေါ်အိဖြူဖြူနှင်းက လေဘေးသင့်နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးနှင့် လေဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေးပြေလည်စေရန် ရည်ရွယ်၍ လူတစ်ဦးလျှင် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာအတွက် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

တံတားဦးမြို့နယ်ရှိ လေဘေးသင့် အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၃၆၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇၇၀၇၀၀ ကျပ်၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၃၁၁၉၄၀၀၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၈၉၀၁၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

# ပဲခူးတိုင်းဒေသကြီးအတွင်း လာမည့် မိုးစပါးမစိုက်မီ သစ်စိမ်းမြေဩဇာ ဧက ၁၀၀၀၀ စိုက်ပျိုးမည်

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်း လာမည့် မိုးစပါး မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာ ဧက ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဓာတ်မြေဩဇာ အကျိုးအာနိသင် ပိုမိုထိရောက်ခြင်း၊ မြေဩဇာလိုအပ်ချက် လျှော့ချနိုင်ခြင်း၊ သီးနှံအရည်အသွေးကောင်းမွန်၍ ဘေးကင်းလုံခြုံမှုရှိခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။




ပဲခူးမြို့နယ် ဘုရားကြီးမြို့ တောင်သူပညာပေးစခန်း၌ မေ ၂၆ ရက်က ကျင်းပသော သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးသင်တန်းနှင့် ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဓာတ်မြေဩဇာဈေးနှုန်း မြင့်မားနေချိန် သဘာဝမြေဩဇာဖြစ်သော ပိုက်ဆံလျှော်၊ ပဲမျိုးရင်းဝင်ကဲ့သို့ သစ်စိမ်းမြေဩဇာအပင် များကို ထည့်သွင်းစိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးမြေတွင် သစ်ဆွေးနှင့် အခြားအာဟာရဓာတ်များစွာ ရရှိနိုင်သဖြင့် ဓာတ်မြေဩဇာ ကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်ငန်းတွင် ကုန်ကျစရိတ်သွေတာပြီး ရေရှည်အကျိုးရှိသည့် သစ်စိမ်းမြေဩဇာများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထည့်သွင်း အသုံးပြုနိုင်ရေး တောင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေး သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မကွေးမြို့နယ်တွင် နိုင်-၄ မှတ်တမ်းရေးသွင်းရန် လူဦးရေ ၃၂၈၆၄၅ ဦး ရှိပြီး ၁၄၈၂၂ ဦးအား စာရင်းရေးသွင်းပြီး

**မကွေး မေ ၂၇**

မဲဆန္ဒရှင်စာရင်း မှန်ကန်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မဲစာရင်းတွင် မှန်ကန်စွာဖြည့်သွင်းနိုင်ရေးအတွက် နိုင်-၄ မှတ်တမ်းများအား E.IDစနစ်ဖြင့် Excel Format ထည့်သွင်းလျက်ရှိရာ မကွေးမြို့နယ်အနေဖြင့် နိုင်-၄ မှတ်တမ်းရေးသွင်းရန် လူဦးရေ စုစုပေါင်း ၃၂၈၆၄၅ ဦး ရှိပြီး ၁၄၈၂၂ ဦးအား စာရင်းရေးသွင်းပြီးဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ရုံးတွင် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများက နိုင်-၄ မှတ်တမ်းများအား E.ID စနစ်ဖြင့် Excel Format ထည့်သွင်းနေမှုအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ကြည့်ရှုအားပေးသည်။ (ယာပုံ)

တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးက ယခု လာမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရန် မဲစာရင်းပြုစုရာတွင် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆) တစ်ခုတည်းကိုသာ အခြေခံစာရင်းအဖြစ် အသုံးပြုခြင်းမပြုလုပ်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးသည့် မှတ်ပုံတင်စာရင်း နိုင်-၄ ကိုပါ အခြေခံစာရင်းအဖြစ် အသုံးပြုပြီး အပြန်အလှန် စစ်ဆေးနိုင်သည့် နည်းပညာကို အသုံးပြု၍ ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံသားများ၏ တစ်ဦးချင်း ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းခြင်းဖြစ်၍ ဂရုတစိုက် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

**ကိုစည်သူ (မကွေး)**



## ရမည်းသင်းမြို့နယ်၌ ကြံပင်ကျေးရွာနှင့် ငှက်သိုက်ကျေးရွာတို့တွင် ကျေးရွာကုန်ထုတ် ကျောက်ချောလမ်းဖွင့်

**ရမည်းသင်း မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထန်တောကြံပင် အုပ်စု ကြံပင်ကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သော ကျေးရွာကုန်ထုတ် ကျောက်ချောလမ်း ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၇ နာရီခွဲက အဆိုပါလမ်း ထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးသန္တာတို့က ကျေးလက်ကုန်ထုတ် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ယင်းနေ့နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာ ကုန်ထုတ်ကျောက်ချောလမ်းဖွင့်ပွဲ ကိုကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကျေးလက်လမ်းဦးစီးဌာန ဦးစီးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ရမည်းသင်းမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၆၃ ဒသမ ၉၆ သန်းဖြင့် ကြံပင်ကျေးရွာ ကုန်ထုတ် ကျောက်ချောလမ်း အရှည် ပေ ၄၇၀၀၊ အကျယ် ၁၀ ပေနှင့် မြောင်းကူးတံတား နှစ်စင်း ဖောက်လုပ်ခြင်းကိုလည်းကောင်း၊ ငှက်သိုက်ကျေးရွာ ကုန်ထုတ် ကျောက်ချောလမ်းကို ခွင့်ပြုရန်ပုံငွေ ၈၅ ဒသမ ၉၆ သန်းဖြင့် အရှည် ပေ ၄၇၀၀၊ အကျယ် ၁၀ ပေနှင့် ရေထုတ်ပြွန်တံတား ၁၅ စင်းကို လည်းကောင်း ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကန့်ဘလူမြို့ လူထုအခြေပြုဗဟိုဌာနတွင် အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်

**ကန့်ဘလူ မေ ၂၇**

နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့်လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးမှူးက ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီ အသင်းမှ ကြက်ခြေနီတပ်ဖွဲ့စုမှူး ဦးကိုလေးက ကြက်ခြေနီအကြောင်း သိကောင်းစရာများနှင့် သင်တန်းတွင်သင်ကြားပေးမည့် အခြေခံ ရှေးဦးသူနာပြုစုခြင်းသင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ခရိုင် ကြက်ခြေနီအသင်းတပ်ဖွဲ့စုမှူး ဦးလှထွန်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ စုမှူး ဦးကိုလေးနှင့်တပ်ဖွဲ့ဝင်များက စာတွေ့လက်တွေ့ သင်ကြားပေး မည် ဖြစ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## “ ရွှေညာသူ ရွှေညာသား” တေးဂီတ ဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၂၇**

ပြည်သူများ အပန်းပြေစေရန် ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ရွှေညာသူ ရွှေညာသာ” တေးဂီတဖျော်ဖြေပွဲကို မေ ၂၇ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင်၊ ရဲထိုက်၊ ဇော်ထွေးလတ်၊ ဟိန်းဇော်လင်း၊ မင်းသားလေး၊ ရဲရင့်ဝေလွင်၊ အိအိချွန်၊ နန်းစန္ဒီ၊ ခင်လပြည့်ဝန်း၊ သီရိစံနှင့် သွယ်သွယ်သိမ့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






## “မိဘကျေးဇူးအကျိုးထူး” ဆို၊ ငို၊ ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှု မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၂၇**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “မိဘကျေးဇူးအကျိုးထူး” ဆို၊ ငို၊ ပြော ရုပ်စုံသဘင်ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုကို ၂၀၂၂ ခုနှစ် မေ ၃၀ ရက် (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ တောင်စွန်းအောင်တိုး ကထိက(ငြိမ်း) သဘင်ပညာဌာနက ရေးသားကာ ဇာတ်ပို့ဆိုင်းပန်တျာစိန်လှမြိုင်အဖွဲ့နှင့် ဂီတပညာဌာန ဆရာများ၏ တီးခတ်မှုနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနမှ အနုပညာရှင်များက တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၂၇**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၆၃)ကို မေ ၂၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၂၉၊ ၃၀နှင့် မေ ၁ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တောင်ကိုရီးယား လူငယ်လက်ရွေးစင်အသင်း၊ တောင်ကိုရီးယားအမျိုးသမီး ကလပ်အသင်းတို့နှင့် ခြေစမ်းပွဲများကစားမည်

**ရန်ကုန် မေ ၂၇**

တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် တောင်ကိုရီးယားလူငယ်လက်ရွေးစင်အသင်း၊ တောင်ကိုရီးယား အမျိုးသမီးကလပ်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်သည်။

### ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှု

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံ၌ နှစ်ပတ်ဝန်းကျင်လေ့ကျင့်နေပြီး မေ ၂၉ ရက်မှ မေ ၃ ရက်အတွင်း ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် မေ ၂၉ ရက်တွင် တောင်ကိုရီးယား ယူ–၂၀ လက်ရွေးစင်အသင်း၊ မေ ၁ ရက်တွင် Seoul City အမျိုးသမီးကလပ်အသင်း၊ မေ ၃ ရက်တွင် တောင်ကိုရီးယား ယူ–၂၀ လူငယ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်ရန် မေ ၂၄ ရက်က ထွက်ခွာခဲ့ပြီး မေ ၂၅ ရက်တွင် စတင်လေ့ကျင့်နေပြီဖြစ်သည်။

### တောင်ကိုရီးယားနိုင်ငံ၌ လေကျင့်မည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**– ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်** –ဦးတင်မြင့်အောင်၊ **လက်ထောက်နည်းပြ**– ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ **ဂိုးနည်းပြ**–ဦးယဉ်မင်းအောင်၊ **ဂိုးသမား**– မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြဲငြိမ်း၊ **နောက်တန်း**– ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ အေးအေးမိုး၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ **အလယ်တန်း**– ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ နော်ထက်ထက်ဝေ၊ ခိုင်သဇင်၊ လင်းမြင့် မိုရ်၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**–စန်းသော်သော်၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ ဝင်းသီဂီထွန်းတို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခရီးစဉ်အတွက် ကစားသမား ၂၂ ဦး ရွေးချယ်ထားသော်လည်း အိန္ဒိယကလပ်ဂိုကူလမ်အသင်းတွင် ကစားနေသည့် ဝင်းသီဂီထွန်းမှာမူ ဆီးဂိမ်းပြိုင်ပွဲမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလ ပထမပတ်အထိ တောင်ကိုရီးယားနိုင်ငံ၌ လေကျင့်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာခုနစ်ရွာ၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ကျောက်ပန်းတောင်း မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုမူလငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီးခွင့်ပြုငွေတို့ဖြင့် ကျေးရွာခုနစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

မြို့နယ်အတွင်းရှိ ကန်ရဲကျေးရွာ၊ ဘဲများ (စီရင်စု)ကျေးရွာ၊ ကျောင်းစုကျေးရွာ၊ လက်ပံပင်ကျေးရွာ၊ အုံးမှိုရိုးကျေးရွာ၊ ခင်မွန်ကျေးရွာနှင့် ကန်လွန်(တ)ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်း သုံးခု၊ အိမ်သွယ်တိုင်စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းတစ်ခု စုစုပေါင်း လေးခု၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း သုံးခုနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုမူလငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုငွေတို့ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကာ ယခုအခါ လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေး တင်ဒါခေါ်ယူခြင်းများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ၎င်းကျေးရွာများရှိ အိမ်ခြေ ၁၀၆၃ အိမ်၊ လူဦးရေ ၅၄၇၀ နှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ကိုပြည့်(ကျေးလက်)**

## ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ ရီးရဲမက်ဒရစ်ကို မန်စီးတီး အနိုင်ယူ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်မှ ပရီမီယာလိဂ်ကလပ် မန်စီးတီး အသင်းနှင့် လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းတို့ ပွဲစဉ်ကို မေ ၂၇ ရက် နံနက်ပိုင်းက အီတီဟက်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများနှင့်အတူ လေးဂိုး–သုံးဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည်နှင့်အညီ ပွဲစသည်နှင့်တစ်ပြိုင်နက် ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန် နှစ်မိနစ်တွင် မာရက်ဇ်၏ ဖန်တီးမှုမှ ဒီဘရိုင်းဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ဒီဘရိုင်း၏ ဖန်တီးမှုမှ ဂျီးဆပ်က သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် မန်ဒီ၏ ဖန်တီးမှုမှ ဘင်ဇီမာက သွင်းယူပေးခဲ့သည်။

ပွဲချိန်တစ်လျှောက် အိမ်ရှင် မန်စီးတီးအသင်းက ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၅၃ မိနစ်တွင် မန်စီးတီးအသင်း တတိယဂိုးရရှိခဲ့ပြီး ဖိုဒင်က သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဗင်နီစီးယပ်စ်က သွင်းယူပေးခဲ့သည်။ ထို့နောက် မန်စီးတီးအသင်း စတုတ္ထဂိုးရရှိခဲ့ပြီး ဆေးဗားလ်က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့သော ဘင်ဇီမာသည် ပွဲချိန် ၈၂ မိနစ်တွင် အသင်းအတွက် တတိယချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။**(အပေါ်ပုံ)** ဘင်ဇီမာသည် ယခုနှစ်ရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ၄၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ၂၀၁၇–၁၈ ခုနှစ် စီရော်နယ်ဒို နောက်ပိုင်း တစ်ရာသီအတွင်း ရီးရဲမက်ဒရစ်အသင်း အတွက် ဂိုး ၄၀ သွင်းယူနိုင်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။

ပထမအကျော့တွင် နှစ်သင်းကြားရလဒ်ပြတ်သားမှု မရှိသောကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် မေ ၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ရေကုန်ရေခန်းယှဉ်ပြိုင် ကစားရတော့မည်ဖြစ်သည်။ **အောင်ဇော်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာစီးပွားရေးတက္ကသိုလ်
## ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၂ခုနှစ်၊ ဇွန်လ (၁)ရက်တွင် အသက်(၃၀)နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက်လျော့ပေါ့ စဉ်းစားမည်)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲကထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီကရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့် ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့တန်း (Master) အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့်အင်္ဂလိပ်စာ (၃) နာရီ မေးခွန်းဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူ များသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသောတက္ကသိုလ် တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာ စာစီ၍စာမျက်နှာ (၃)မျက်နှာ ထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မုံရွာစီးပွားရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၂ရက်(သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက် ဖြေဆိုရမည်-

(က) ၂၃-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၄-၅-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၃၀-၅-၂၀၂၂ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သင်တန်းရေးရာဌာန(ဖုန်း-၀၉-၉၇၇၆၂၇၇၀)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူးသင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မြောက်ပိုင်း အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် V-2၊ မြေကွက် အမှတ် (၁၂)၊ ဧရိယာ ၀ဒသမ၃၃၀၆ဧက နှစ် ၃၀ မြေငှားစာချုပ်၊ အမည်ပေါက် ဒေါ်တင်သီတာအေး ၁၂/သကတ(နိုင်)၀၉၃၀၉၀ ဖြစ်ပါ သည်။ အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ၃၃၉၉/၂၀၂၂ ရရှိသူ ဦးဆိုင်ပန်း(ခ)ဦးသန်းထွန်း ၁၃/လရန(နိုင်)၀၀၂၄၈၆မှ ဤဌာနသို့ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ ကျောင်းများအတွက် ကြော်ငြာသင်ပုန်း(Notice Board)များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၈-၄-၂၀၂၂ရက်မှ ၁၁-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၁၁-၅-၂၀၂၂ရက် ညနေ ၄နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၆၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် ခဲတံနှင့်ဘောလ်ပင်များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီ များအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၉-၄-၂၀၂၂ရက်မှ ၁၂-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၁၂-၅-၂၀၂၂ရက် ညနေ ၄နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၆၉၄သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၂ခုနှစ် ဧပြီ ၁ရက်မှ ၂၀၂၃ခုနှစ် မတ်လ ၃၁ရက်အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် စက်ပစ္စည်း/ ပရိဘောဂများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်-

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** | - | ၂၉-၄-၂၀၂၂ရက် (၁၀:၀၀)နာရီ |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** | - | ၁၂-၅-၂၀၂၂ရက် (၁၆:၃၀)နာရီ |
| **တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - | ရုံးအမှတ် (၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် (၀၆၇-၃၄၀၇၆၈၇နှင့် ၀၆၇-၃၄၀၇၅၄၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်းနှင့် ဖြဟ္မစိုရ်လမ်းထောင့်၊ အမှတ် (၁၀၉၂)ဟု ခေါ်တွင်သော မြေပေါ်တွင် အကျယ်အဝန်း (၄၆'x၄၉')ရှိ (၈)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်၊ (၂)လွှာတိုက်ခန်းအား တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းဆွေ ၁၃/မဆန(နိုင်) ၀၀၂၈၉၀ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်မျိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယုယုဆွေ (LL.B)** | **ဒေါ်နန်းစောမြတ်မွန် (LL.B)** |
| **စဉ် (၁၀၃၇၉)** | **စဉ်(၁၂၁၄၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၁၈)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၉၁၄၁၉၂၂၁၊ ၀၉-၄၂၁၁၂၁၀၄၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ Performer Myanmar Company Limited Performer Myanmar Fashion House ကချင်ထည်နှင့် ရိုးရာချည်ထည်ရောင်းဝယ်ရေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

Performer Myanmar Fashion House Online Shop အမည်အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ ဂုဏ်သိက္ခာများကျဆင်းစေသော၊ ညှိုးနွမ်းစေသော မည်သည့်အရေးအသား၊ အပြုအမူဖော်ပြချက်တစ်စုံတစ်ရာကို မဆို ကုမ္ပဏီနှင့် ပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ Facebook စာမျက်နှာပေါ်၌လည်းကောင်း၊ Facebook Comment များတွင်လည်းကောင်း၊ Messenger, Viber အစရှိသော ဆက်သွယ်မှုကွန်ရက်များမှလည်းကောင်း၊ ရိုင်းစိုင်းသော အပြောအဆို အရေးအသားများကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ လူမှုရေး Webiste စာမျက်နှာပေါ်တွင် ရေးသားခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့် အယှက်ဖြစ်စေရန် မမှန်မကန်ရေးသားဖော်ပြခြင်းများကို တွေ့ရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B, DBL)**
**WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၄၅၄၁၁၉၈၃၉**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
## ကြေညာချက်
## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမ နှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း)အနေဖြင့် အောက်ဖော်ပြပါသင်တန်းများအား ၂၀၂၂ခုနှစ်၊ မေလ(၁၂)ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
- (က) ပထမနှစ်သင်တန်း(ဒုတိယနှစ်ဝက်)
- (ခ) ဒုတိယနှစ်သင်တန်း(ဒုတိယနှစ်ဝက်)

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်
- (က) ပထမနှစ်သင်တန်း(ပထမနှစ်ဝက်)၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ
- (ခ) စတုတ္ထနှစ်သင်တန်း(ပထမနှစ်ဝက်)(၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက် တက်ရောက်ရန်ကျန်ကျောင်းသား/ကျောင်းသူများ အပါအဝင်)
- (ဂ) မဟာတန်းပထမနှစ်(ဒုတိယနှစ်ဝက်)
- (ဃ) မဟာတန်း ဒုတိယနှစ်(ဒုတိယနှစ်ဝက်-ကျမ်းပြု)

နေ့သင်တန်းများအားလုံး၏ ကျောင်းဖွင့်လှစ်မည့်အစီအစဉ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ်သင်တန်း(ပထမနှစ်ဝက်)ဝင်ခွင့်ရ ကျောင်းသား/ကျောင်းသူ များစာရင်းအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန Website(mcrd.gov.mm)နှင့်တက္ကသိုလ် Facebook Page University of Co-operative and Management, Sagaing Website(www.ucms.edu.mm) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ကျောင်းဖွင့်လှစ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များအား သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာဌာနခွဲ) ဖုန်း-၀၇၂-၂၀၂၃၀၁၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များအတွင်း ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင် အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်း နှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျောက်ဆည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်း နိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၆-၅-၂၀၂၂ရက်မှစတင်၍ ခရိုင်ရုံးတွင် ရုံးချိန် အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၅-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီအထိ |
| **တင်ဒါဖွင့်မည့်ရက်** | - | ထပ်မံကြော်ငြာပါမည်။ |
| **တင်ဒါဖွင့်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၉၆၉၈၇၉၈၈၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးအောင်လင်းဝင်း | **နှင့်** | ဦးဟုတ်ကြည် |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၂)ရပ်ကွက်၊ အမှတ် (၂၃)နေ တရားပြိုင် ဦးဟုတ်ကြည် (AG-306551) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်လင်းဝင်းက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၁၆ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့် ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ် ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန် ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင် အမှတ် (၈၂)၊ မြေဧရိယာ (၀ဒသမ၀၅၅) ဧက၊ ဦးထွန်းကြည် အမည်ပေါက် မြေကွက်ကို ဦးမြင့်လွင်မှ ဒေါ်အေးအေး ၉/အမဇ(နိုင်)၀၀၁၃၇၆ထံသို့ ပြန်လည် ရောင်းချမည်ဖြစ်သဖြင့် ကန့်ကွက်လို သူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေး**
**၉/အမဇ(နိုင်) ၀၀၁၃၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1388, Mazda Soom QG63T, P/U (4x2) ယာဉ်လက် ဝယ်ရှိသူ ဦးစိုးနိုင် ၉/မနတ(နိုင်) ၀၁၁၇၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/8262 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/3750, MITISUBISHI CANTER AN(4x2)R ယာဉ်လက်ဝယ် ရှိသူ Sampar Oo Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(ရွှေသာကြီး)**

## အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ကွင်း/အကွက် အမှတ်နှင့်အမည် ၄/ပဒေသာ၊ ဦးပိုင်အမှတ် (၁၁၈)၊ မြေဧရိယာ(၀ဒသမ၁၄၇)ဧကရှိ မြေကွက် အား မြေငှားဂရန် (ဂရန်အမည်ပြောင်း)လျှောက် ထားနိုင်ရေး ဒေါ်အိဝေသာလွင် ၁၃/မငန(ပြု) ၀၀၀၀၉၁မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦး လွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံ စွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (AA/မြနန္ဒာရပ်)၊ ဦးပိုင်အမှတ်(၉၁၊ ၉၂၊ ၉၃)၊ မြေယာအမှတ် (91, 92, 93)၊ မြေဧရိယာ ၀ဒသမ၁၆၅ဧကနှင့် ဦးပိုင် အမှတ်-(၁၀၉၊ ၁၁၀၊ ၁၁၁)၊ မြေယာအမှတ် (109, 110, 111)၊ မြေဧရိယာ ၀ဒသမ၁၆၅ဧက တို့အား ဒေါ်ဝင်းနန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၆၇၀၈ ကိုင်ဆောင်သူမှ ဦးပိုင်ပေါင်း၍ (စက်မှု/စီးပွား) မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင် ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံ စွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာ အပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ် RA-III/ကွက်ပြင်၊ ဦးပိုင် အမှတ် (၁၁/၂၇၁)၊ မြေယာအမှတ်၊ မြေဧရိယာ ၀ဒသမ၀၇၈ဧကရှိ မြေကွက်အား မြေငှား ဂရန် (ဂရန် သစ်) လျှောက် ထား နိုင် ရေး ဒေါ်မူမူကျော် ၉/ပဥလ(နိုင်)၀၁၅၅၉၈မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ အကွက်အမှတ် (B-4/ ရွာလည်ကျောင်း)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိ ဘိုးဘပိုင်မြေသည် ဦးညို၊ ဒေါ်အုန်းမြင့်အမည်ဖြင့် အမည်ပေါက်ထွက်ရှိ နေရာမှ ဖျာပုံမြို့၊ အမှတ်(၁၆)၊ ဘုရင့်နောင်လမ်း၊ (၆)ရပ်ကွက်နေ ဦးမျိုးအောင် ၁၄/ဖပန(နိုင်) ၀၈၂၁၁၈၊ ဒေါ်ရီရီသန့် ၁၄/ဖပန(နိုင်) ၀၀၉၉၉၅ တို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထား လာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လူကိုယ်တိုင် ဤရုံးတော်သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ/အမိန့် ညွှန်ကြားချက်နှင့်အညီ မြေအမည်ပြောင်းလဲ ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာနမှူး**
**ဖျာပုံမြို့**

## မြန်မာဂေါက်သီးရိုက် အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း တည်ထောင်ခြင်း (၇၅)နှစ်ပြည့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ မြန်မာဂေါက်သီးရိုက်အသင်းနှင့် သက်ဆိုင်သော သမိုင်းဆိုင်ရာ အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဆုတံဆိပ်များ စသည်တို့ကို သမိုင်းပြခန်းပြသရန် စီစဉ်နေပါသဖြင့် လက်ဝယ်ရှိသူများ အနေဖြင့် မြန်မာဂေါက်သီးရိုက်အသင်းသို့ လှူဒါန်းခြင်းဖြင့်သော်လည်းကောင်း၊ ခေတ္တငှားရမ်းခြင်းဖြင့်သော်လည်းကောင်း ကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်းနံပါတ် ၀၉-၄၂၈၀၃၇၁၂၈၊ ၀၉-၄၂၀၁၆၁၉၄၁၊ ၀၉-၄၂၀၇၄၃၀၁၆၊ ၀၉-၄၅၂၄၂၅၂၆၇ နှင့် Viber No-၀၉-၄၂၈၀၃၇၁၂၈၊ ၀၉-၄၂၀၁၆၁၉၄၁၊ ၀၉-၄၂၀၇၄၃၀၁၆၊ ၀၉-၄၅၂၄၂၅၂၆၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**




## မြန်မာဂေါက်သီးရိုက် အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၂၁ ခုနှစ်၊ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးအား ၂၂-၅-၂၀၂၂ ရက် (တနင်္ဂနွေနေ့)၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများ အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၁-၂၀၂၁ မှ ၃၁-၁၂-၂၀၂၁ အထိ နှစ်ပတ်လည် အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၁-၅-၂၀၂၂ ရက်နေ့မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## မုံရွာစီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ပညာသင်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ်က ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာမဟာဘွဲ့(MBF)သင်တန်း
(ခ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevs)သင်တန်း

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။
(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ပြီး Zoom Applicationအား ကောင်းစွာအသုံးပြုနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံကို MUE Academic Affair (မုံရွာစီးပွားရေးသင်တန်းရေးရာ) Facebook Pageမှဖြစ်စေ၊ သက်ဆိုင်ရာသင်တန်းများ၏ Email(သို့) Viberမှဖြစ်စေ ဌာနသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ၂၆-၅-၂၀၂၂ရက်မှ စတင်ရယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ၏ Original scan copy(မူရင်းကို scan ဖတ်ထားသောမိတ္တူ)ကို သက်ဆိုင်ရာသင်တန်းများ၏ email သို့ Viber မှဖြစ်စေ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ သက်ဆိုင်ရာဌာနများသို့ ၃၁-၅-၂၀၂၂ ရက်နောက်ဆုံးထား၍ ပေးပို့ရပါမည်။

(က) ဘွဲ့လက်မှတ်(သို့)ယာယီဘွဲ့ထောက်ခံစာ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်
(ဂ) နိုင်ငံသားစိစစ်ရေးကတ်
(ဃ) ပညာအရည်အချင်းထောက်ခံချက်နှင့် လုပ်ငန်းအတွေ့အကြုံလုပ်ဆောင်ချက်
(င) ဓာတ်ပုံ (၃)ပုံ

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၁-၆-၂၀၂၂ရက်တွင် အွန်လိုင်း(online)မှ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို ၁၆-၆-၂၀၂၂ရက်တွင် ထုတ်ပြန်ပါမည်။

၆။ သင်တန်းသင်ကြားမှု အချိန်စာရင်းမှာ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့ (နံနက် ၉နာရီမှ ညနေ ၄နာရီ)အထိဖြစ်ပြီး သင်တန်းကာလမှာ ၂နှစ် ဖြစ်ပါသည်။

၇။ ဆက်သွယ်ရန်ဖုန်းနှင့် အီးမေးလ်များ - MBF-09-941577991 mbf.mue2022@gmail.com, MDevs-09-757543637, appeco22@gmail.com

၈။ အသေးစိတ်သိရှိလိုပါက - မုံရွာစီးပွားရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန 09-977622770, academic.mue@gmail.com

၉။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန၊**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မုန့်တောင်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ် ၁၂၊ အလျား၂၅ပေxအနံ ပေ၅၀ မြေပေါ်တွင် ဆောက်လုပ်ထားသော ၆ထပ်တိုက်မှ အလျား ၂၂ ပေ x အနံ ၄၇ပေရှိ ၅လွှာတိုက်ခန်း(၁)ခန်းအား ရောင်းချသူ ဒေါ်ခင်ခင်ဦး ၁၂/လသန(ဧည့်)၀၀၁၀၃၅ ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ထွန်းအောင် ၁၂/စခန(နိုင်)၀၆၈၀၀၅ မှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများနှင့်အတူ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲမင်းထွဋ် LL.B, Diploma in Business Law၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၆၁)**
**အမှတ် ၄၇၅၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇(အရှေ့)၊ လူနေရပ်ကွက် အမှတ် ၇(အရှေ့)၊ အောင်သပြေ(၁၂)လမ်း၊ မြေကွက်အမှတ် ၉၉၃ မြေပေါ်တွင် ဆောက်လုပ်ထားသော ၂ခန်းတွဲ ၆ထပ်တိုက်မှ ၄ထပ်(ယာ) အလျား ၁၉ပေxအနံ ၅၅ပေရှိ တိုက်ခန်း(၁)ခန်းအား ရောင်းချသူ ဒေါ်ခိုင်ဇာလွင် ၁၀/သဖရ(နိုင်)၀၇၄၉၉၈ ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်လှ ၇/ကဝန(နိုင်) ၁၄၀၀၆၁မှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများနှင့်အတူ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲမင်းထွဋ် LL.B, Diploma in Business Law၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၆၁)**
**အမှတ် ၄၇၅၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## အမည်မှန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးသိန်းလွင်၏သမီး မစုလဲ့ခိုင်၏ အမည်မှန်မှာ မဆုလဲ့ခိုင် ၁၂/ဗဟန(နိုင်)၁၁၂၃၀၁ ဖြစ်ပါကြောင်း။

**မဆုလဲ့ခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဈဃ/၉၈၄၄၆ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဝင်းရွှေ ၆/ကစန(နိုင်)၁၄၁၆၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးထွန်းထွန်း ၁၂/မဂဒ(နိုင်)၀၀၂၃၃၃ (ဘ) ဦးအောင်ကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၁၈၂)ကို ဇီးကုန်းမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂/၂၀၂၁(၈-၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်တင်တင်ဝင်း ၅/စကန(နိုင်)၁၃၃၅၁၅ (ဘ) ဦးကြည်ကွိန်မှ ဒေါ်သဲမြတ်နိုး ၉/ပဗသ(နိုင်)၀၀၉၅၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3E/9150၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးနေလင်းအောင် ၁၁/သတန(နိုင်)၀၀၈၃၃၅ (ဘ) ဦးစောနိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၆၅၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၀၅/၂၀၁၁(၂၂-၂-၂၀၁၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန်းသန်းနိုင် ၉/ပမန(နိုင်)၀၂၆၁၀၂ (ဘ) ဦးစံရမှ ဦးပြည့်ဖြိုးအောင် ၁၁/စတန(နိုင်)၀၆၈၆၄၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(ဃ/၄၈)၊ အမှတ်(၂၂၇)တွင် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် C/Map အမည်ပေါက် ဦးငွေထွန်း၊ ဦးဝင်းမြင့်ဦး (GP) ဦးဇေယျာအောင်တို့မှ တင်ပြလျှောက်ထားလာပါသည်။

၂။ ယခုအခါ အဆိုပါအဆောက်အဦဆောက်လုပ်ခွင့်အား C/Map အမည်ပေါက်တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူများ ဖြစ်သည့် ဦးကျော်ရှိ(၁၂/ဒဂန(နိုင်)၀၂၂၄၆၉)နှင့် ဦးကြည်လင်း (၈/မမန(နိုင်)၁၂၉၂၄၉)တို့မှ ဆောက်လုပ်ခွင့်အား ဆက်လက် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ စစ်ကိုင်းလမ်း၊ အမှတ်(၆/ဘီ)နေ ဦးခင်မောင်ဝင်း (ခ)ဝူစောပင်၏ သားများဖြစ်ကြသော ဦးနေမင်းထွန်း ၁၂/လမတ(နိုင်)၀၃၄၁၃၈ နှင့် ဦးဟိန်းမင်းသူ ၁၂/လမတ(နိုင်)၀၃၆၅၅၄ တို့မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၇၇၂/၂၀၂၂)(၂၀-၄-၂၀၂၂)ဖြင့် မှတ်ပုံတင် သွင်းကြော်ငြာပြုလုပ်ထားပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "ပေါင်မုန့်၊ ကိတ်မုန့်၊ စားသောက်ကုန်အမျိုးမျိုး" တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံအထောက်အထားများနှင့် တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, P.G.D.L)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၆၁၉၆** | **စဉ်-၇၅၁၅** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂** |

**အမှတ်(၁၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1D/2541၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၃၇၀(ခ)၊ မြေကွက်တည်နေရာအမှတ် ၃၇၀(ခ) ၊ ဗိုလ်ခန့်(၄)လမ်း၊ ၇ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးခင်မောင်ဝေ(J/RGN-၀၅၃၇၂၅)နှင့် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဝေ (J/RGN-၀၅၃၇၂၅) ခင်ပွန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဝေဝေလွင် ၅/ခဥန(နိုင်)၀၄၉၂၁၉ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုပ်ကာသွပ်မိုး အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဝေဝေလွင်မှ နှစ်၆၀ မြေငှားစာချုပ်ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အိမ်အမှတ်(၅၆)၊ လေးလွှာ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အိမွန်အောင် ၉/ကပတ(နိုင်)၁၉၅၀၇၉ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်အေးငြိမ်းသူ ၈/တတက(နိုင်)၁၈၄၅၀၇ မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးငြိမ်းသူ**
**ဖုန်း-၀၉-၇၉၆၃၉၂၁၁၉-၀၉-၄၄၀၅၃၄၄၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/1893 Mitsubishi PAJERO V75W S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသူ ၁၃/နခတ(နိုင်)၀၅၀၅၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း(၂)လမ်း၊ အကွက်အမှတ်(၆၉၄)၊ မြေကွက်အမည်ပေါက်မှာ ဒေါ်အုန်းရီ ဖြစ်ပြီး ၎င်းမြေကွက်အား အဆင့်ဆင့်ဝယ်ယူခဲ့ရာ ယခုအခါ ကျွန်တော်ဦးဇေယျာ ၁၂/ကမတ(နိုင်)၀၅၄၅၉၄ မှဝယ်ယူပြီးဖြစ်ပြီး ပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဂရန်ထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇေယျာ**
**အမှတ်(၆၉၄)၊ ရွှေဥဒေါင်း(၂)လမ်း၊ ၄၂ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၄၂၀၁၃၉၀၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဖျာပုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (T-ဈေးပိုင်း)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ (၀ ဒသမ ၀၂၂) ဧကရှိ ဘိုးဘပိုင်မြေသည် ဒေါ်ဇာလေးခင် အမည်ဖြင့် အမည်ပေါက် ထွက်ရှိနေရာမှ ဖျာပုံမြို့၊ အမှတ်(၁၈၆)၊ ချောင်းတွင်းလမ်းမ၊ (၁၄)ရပ်ကွက်နေ ဒေါ်နှင်းဝေသွယ် ၁၄/ဖပန(နိုင်)၀၀၀၁၉၄ မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင် ဤရုံးတော်သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ/အမိန့် ညွှန်ကြားချက်နှင့်အညီ မြေအမည်ပြောင်းလဲပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး**
**ဖျာပုံမြို့**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊
ဆိပ်ကမ်း၊အရှေ့ပိုင်း၊
မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်4H/9604 Isuzu Bighorn UBST3GW Station Wagon (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမြတ်အောင် ၁၃/နခန(နိုင်) ၀၅၆၀၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၄-၂၀၂၂ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၂၅)တွင်ပါရှိသည့် "ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာ ဦးစီးဌာန၊ ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်၊ အဆောက်အဦဟောင်း ဖျက်သိမ်းရန် တင်ဒါခေါ်ယူခြင်း" ဟူသော စာသားများကို "ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာ ဦးစီးဌာန၊ ကျောက်ဖြူပညာရေးဒီဂရီ ကောလိပ်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်၊ အဆောက်အဦဟောင်း ဖျက်သိမ်းရန် လေလံခေါ်ယူခြင်း"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့နယ်၊ နိုင်းပြိုင်ကျေးရွာနေ ဦးဆယ်(ခ)ဦးဇင်၏ သမီး မပန်းသဇင်ဦး (ခ) မပန်းဇင်ဦး ၁၀/မဒန(နိုင်)၂၂၄၉၁၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မပန်းသဇင်ဦး(ခ)မပန်းဇင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ဃ/၄၇၅၇၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစု ၁၀/ခဆန(နိုင်)၀၇၇၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လ ာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

